# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၁၁) ရက် ၊ စနေနေ့ ၊ (23-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၃၇)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တပ်မတော်၏အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်း ဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ➡



ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# အစားအစာဘေးကင်း လူမှုစီးပွားများတိုးတက်ခြင်း

နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းပြည်စားရေရိက္ခာနှင့် ပတ်သက်၍ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ အများပြည်သူဝယ်ယူသုံးစွဲနိုင်ရေး အရေးကြီးသည့်အတွက် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို ထုတ်လုပ်သူ၊ ရောင်းချသူ၊ စားသုံးသူများကိုယ်တိုင် သိရှိလိုက်နာနိုင်ရန် တာဝန်ရှိသူများ၊ အဖွဲ့အစည်းများက ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရပါမည်။

အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုသည်မှာ ကူးစက်ရောဂါကာကွယ်ရန် အစားအစာများကို ကိုင်တွယ်ထိန်းသိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတွင် စားသုံးသူအတွက် အစားအစာ၏ အာဟာရဓာတ်အလုံအလောက်ကို ထိန်းထားနိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် အစားအစာကို ဆိုလိုကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

စားသုံးသူပြည်သူများအနေဖြင့် ဝယ်ယူစားသုံးသည့် စားသောက်ကုန်၏ အမှတ်တံဆိပ်ရှိ ပါဝင်ပစ္စည်းကို ကြည့်ရှုပြီး မိမိတို့ ကျန်းမာရေးအတွက် သင့်တော်သည့် အစားအသောက်များ ရွေးချယ်ဝယ်ယူစားသောက်ကြရပါမည်။ စားသုံးသူများ သက်တမ်းလွန် အစားအသောက်များကို ရှောင်ရှားနိုင်ရန်အတွက် ထုတ်လုပ်ဖြန့်ဖြူးကြသူများအပိုင်းကလည်း အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်(၈/၂၀၂၂)ကို သိရှိလိုက်နာကြပါက မိသားစုတိုင်း၏ ကျန်းမာရေးထိခိုက်စေမည့် ဘေးအန္တရာယ်များကို တစ်ဖက်တစ်လမ်းမှ ကာကွယ်တားဆီးရာရောက်မည်ဖြစ်ပါသည်။

လက်ရှိကာလတွင် လူနေမှုဘဝ စားသောက်မှုပုံစံများ ပြောင်းလဲမှုအရ လတ်ဆတ်သည့် သား၊ငါး၊ အသီးအရွက်များ ဝယ်ယူချက်ပြုတ်စားသောက်မှုအပြင် အသင့်ထုပ်ပိုးပြီး ကြာရှည်ခံအစားအသောက်များကိုလည်း လူအများစု စားသောက်ကြလေ့ရှိသည်။ ထို့ကြောင့် အသင့်ထုပ်ပိုးပြီး စားသောက်ကုန်များကို အရည်အသွေးကောင်းမွန်ပြီး ဘေးဥပဒ်ကင်းစင်အောင် ထုတ်လုပ်ကြရန် လိုအပ်လှသည်။ စားသုံးသူများ လုံခြုံစိတ်ချဘေးကင်းသော အစားအစာများဖြစ်စေရေး အလေးမထားသော ကုန်ထုတ်လုပ်မှုများကိုလည်း အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီနှင့် ပူးပေါင်းအဖွဲ့က စစ်ဆေး၍ စားသုံးရန်မသင့်သည့် အစားအစာနမူနာများစာရင်းကို ထုတ်ပြန်ပေးလျက်ရှိသော်လည်း အားလုံးကို ခြုံမိရန် မလွယ်ကူသဖြင့် အစားအစာဘေးကင်းရေး အသိပညာပေးမှုများကို တာဝန်ရှိသူများက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရပါမည်။

စားသောက်ကုန်ထုတ်လုပ်သူများဘက်က ကောင်းမွန်သောနည်းလမ်းများဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ စနစ်တကျထုတ်လုပ်ကြရပါမည်။ ကျန်းမာရေးနှင့်ညီညွတ်သော ဘေးကင်းသည့် စားသောက်ကုန်များကို ရွေးချယ်ဝယ်ယူစားသုံးနိုင်မှုကြောင့် နိုင်ငံသားတိုင်း အာဟာရပြည့်ဝလာပြီး ကျန်းမာကြံ့ခိုင်လာမည်ဖြစ်ပါသည်။ ထိုသို့ ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်အတွက် ကျရာလုပ်ငန်းတာဝန်အသီးသီးကို အားကြိုးမာန်တက် ဆောင်ရွက်နိုင်ကြသည်နှင့်အမျှ နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ရာ နေ့စဉ်နေ့တိုင်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကိုသာ သတိပြုရွေးချယ်ဝယ်ယူစားသုံးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်အတွင်း ပဲကြီး အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေး ဈေးကွက်အတွင်း ပဲကြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိအချိန်တွင် ပဲကြီးကို ပြည်ပနိုင်ငံများအပြင် ပြည်တွင်းကပါ ဝယ်ယူမှုများပြားလျက်ရှိကြောင်း၊ ထိုသို့ ပဲကြီးကို ကုန်သည်များက အဝယ်လိုက်လျက်ရှိခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိမှာတော့ ပဲကြီး အရောင်းအဝယ်က ပြန်ပြီးကောင်းလာတယ်။ ရန်ကုန်နဲ့ မန္တလေးအပြင် အခြားမြို့တွေမှာလဲ ပဲကြီး အရောင်းအဝယ်ပြန်ပြီးကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ပဲကြီးအရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဒီဇင်ဘာ ၂၀ ရက်တွင် ပဲကြီး ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၂၈၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲ၊ နှမ်းအပြင် ပဲကြီးကလဲ အရောင်းအဝယ် ကောင်းပါတယ်။ အခုလတ်တလော ပဲကြီးအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ များလာတာကြောင့် ပဲကြီးက အရောင်းအဝယ် ပြန်ပြီးကောင်းလာတာဖြစ်ပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပဲကြီးကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အများအပြားစိုက်ပျိုးကြကြောင်း၊ ပြည်ပသို့ ပဲကြီး အများဆုံးတင်ပို့ရသည့်နိုင်ငံများမှာ ဂျပန်၊ မလေးရှား၊ ကာတာ၊ ယူနိုက်တက်ကင်းဒမ်း၊ တရုတ် စသည့်နိုင်ငံတို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သန်း ၃၀၀၀ ကျော်ခွင့်ပြုထုတ်ပေးထား




**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သန်း ၃၀၀၀ ကျော်ကို ခွင့်ပြုထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် ဧပြီလမှ ယနေ့ထိ အလုပ်သမားအမှုတွဲပေါင်း ၂၇၉၂၃ မှုရှိပြီး အများစုမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ အမျိုးသမီးမီးဖွားမှုများအတွက် အများဆုံးတောင်းခံကြကြောင်း၊ ၎င်းအကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ် ၃၀၄၆ ဒသမ ၀၅၂ သန်းကို ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြသည်။

"ဒီနှစ်ကနေပြီးတော့ မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေကို တစ်ဖက်တစ်လမ်းက အကျိုးခံစားခွင့်ရရှိဖို့ ကူညီဆောင်ရွက်ပေးနေတာပါ။ အခုဘဏ္ဍာနှစ်အတွင်းမှာ အကျိုးခံစားခွင့်အတွက် ငွေကျပ်သန်း ၃၀၀၀ ကျော်ကို အခမ်းအနားပြုလုပ်ပြီး ထုတ်ပေးထားပါတယ်။ လူမှုဖူလုံရေးအာမခံအလုပ်သမားတွေ ငွေကြေးအကျိုးခံစားခွင့် ထုတ်ယူဖို့အတွက် သက်ဆိုင်ရာမြို့နယ်မှာရှိကြတဲ့ လူမှုဖူလုံရေးရုံးနဲ့ လူမှုဖူလုံရေးဆေးပေးခန်းတွေကို ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်"ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

လူမှုဖူလုံရေးအာမခံအလုပ်သမားများ တောင်းဆိုလာသည့် အကျိုးခံစားခွင့်များမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်၊ မမာမကျန်းမှု၊ မီးဖွားမှု၊ အာမခံထားသူမီးဖွားစရိတ်၊ ဖခင်ဖြစ်မှုအကျိုးခံစားခွင့်၊ နာရေးစရိတ်၊ ကျန်ရစ်သူအကျိုးခံစားခွင့် စသည်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့် အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာကြခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လာပြီး ကြိုက်ရောင်းကြိုက်ဝယ် အနေအထားဖြစ်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အိမ်ခြံမြေ ဈေးကွက်အတွင်း ယခင်က ငွေကျပ်သိန်း ၁၅၀၀ ခန့် ပေါက်ဈေးရှိသည့်မြေကွက်များမှာ လက်ရှိတွင် ငွေကျပ်သိန်း ၂၀၀၀ ခန့်ဖြင့် ရောင်းချလာကြောင်း၊ ထိုသို့ရောင်းချမှုကို လက်ကြီးသမားတချို့က ပြုလုပ်လာကြခြင်းဖြစ်ပြီး အနည်းစုသာ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်တစ်ခုလုံး အတိုင်းအတာအရတော့ ငြိမ်သက်မှုမရှိဘဲ အလှုပ်အခတ်များနေတယ်လို့ ပြောရမှာပေါ့။ အရောင်းအဝယ်တွေတော့ဖြစ်နေပေမဲ့ ကြိုက်ရောင်းကြိုက်ဝယ်ပုံစံမျိုး ဖြစ်နေတာပါ။ အခြားဈေးကွက်တွေထက် မြေဈေးကွက်က အရှုံးနည်းတာမျိုးမို့ တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူတွေက ပိုင်ဆိုင်မှုခိုင်မာတဲ့မြေကွက်တွေ ဝယ်ကြတာများတယ်။ နောက်ပြီး လက်ထဲမှာ ငွေသားကိုင်ဆောင်မထားချင်ကြတာကြောင့်လဲ အိမ်ခြံမြေဈေးကွက်ထဲ ဦးလှည့်လာကြလို့ အလှုပ်အခတ်တွေများနေတာပါ"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုအေးက ပြောပြသည်။

ထို့ပြင် ငှားရမ်းမှုများတွင် ယခင်က ဈေးနှုန်းအသင့်အတင့်သာရှိခဲ့ရာမှ ငှားရမ်းမှုများလာခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လာပြီး အကျယ်အဝန်းနှင့် အကွက်အကွင်းကောင်းသည့်အပေါ်မူတည်၍ တစ်လလျှင် ငွေကျပ် ၁၀၀၀၀၀ မှ ၁၀ သိန်းခန့်ထိ ဈေးရှိကာ တစ်လလျှင် ငွေကျပ် ၁၀၀၀၀၀ မှ ၃၀၀၀၀၀ ခန့် ဈေးတန်းများ ငှားရမ်းမှု ပို၍များကြောင်း သိရသည်။

အိမ်ခြံမြေ ဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုအေးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လားရှိုးမြို့နယ် မန်အိုင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လားရှိုး ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် မန်အိုင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ လားရှိုးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မန်အိုင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

လားရှိုးမြို့နယ် မန်အိုင်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၆၀ စုစုပေါင်း ငွေကျပ်သိန်း ၂၁၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# စလင်းမြို့နယ်၌ ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြေမိကုန်း-အရှေ့ချောင်းဖြူ-ကြူဝန်း ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)စီမံကိန်း စစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)ဦးခိုင်မင်းစိုး၊ စလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ချစ်စုပြည့်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စလင်းမြို့နယ်၌ ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး MCAE ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုရှင်းလင်းတင်ပြရာ မြို့နယ်တာဝန်ခံဒေါ်ချစ်စုပြည့်က လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။

မြေမိကုန်း-အရှေ့ချောင်းဖြူ-ကြူဝန်း ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေသုံးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၃၉၀ ဖြင့် MCAE ကုမ္ပဏီက ယခုနှစ် ဇူလိုင် ၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ခင်မာ**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၉၀၃ ဧက စိုက်ပျိုးပြီးစီး



**ရေဦး ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၉၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၀၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၉၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၅၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာ လက်ရှိအချိန်ထိ ဧက ၄၉၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၅၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ် ခြောက်အိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြောက်အိမ်စုကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခြောက်အိမ်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ငွေကျပ် ၄၅ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# တောင်တွင်းကြီးမြို့နယ် မထီစံပြကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မထီစံပြကျေးရွာ၌ ပဥ္စမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၁ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မထီစံပြကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မထီစံပြကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၉ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၂၃ ဒသမ ၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ငွေကျပ် ၃၅ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နှံ့ယဉ်**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၉၃)

**ကြည်လွင်မြင့်(မုံရွာ)**

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မမှာ လေးဖက်နာ အစ်ရှိပါတယ်။ အနောက်တိုင်းခေတ်စွဲ စန်းတွေမှာသွေးစစ်တဲ့အခါ ယယ်စဉ် ကတည်းက ASO (300) အထက်ရှိပါ တယ်။ အစကတော့ ကိုယ်လက် အဆစ်အမျက်တွေ ကိုက်ခဲတဲ့ရောဂါပါပဲ။ ထူးဆန်းတာက နွေရာသီပူတဲ့အချိန်ဆို ရင် အကိုက်အခဲရောဂါက သက်သာနေ ပြီး အေးတဲ့ရာသီ မိုးနဲ့ ဆောင်း ရောက်ပြီဆိုရင် ကိုက်ခဲတော့တာပါပဲ။ အဲဒီလို ကိုက်ခဲလာရင် ညဘက်အိပ် မပျော်ဖြစ်ရပါတယ်။ အနောက်တိုင်း အကိုက်အခဲပျောက်ဆေးတွေလဲ အမြဲ သောက်ရပါတယ်။ တိုင်းရင်းဆေးနဲ့ ကုသမယ်ဆိုရင် ပျောက်ကင်းနိုင်ပါ့ မလားသိလိုပါတယ်။ တိုင်းရင်းဆေး လိမ်းဆေးတွေကတော့ အမြဲသုံးစွဲပါ တယ်ရှင့်။ ကျွန်မရဲ့ရောဂါသက်သာစေ နိုင်မဲ့ဆေးနည်းတွေရှိရင် ပြောပြပေးစေ လိုပါတယ်ရှင့်။**

ဖြေ ။ ။ တိုင်းရင်းဆေးပညာမှာ အကိုက်အခဲ ရောဂါကို ပူရင်ဖြစ်တဲ့ အကိုက်အခဲ ရောဂါနဲ့ အေးရင်ဖြစ်တဲ့ အကိုက်အခဲ ရောဂါ၊ အကြောတက်အကိုက်အခဲ ရောဂါဆိုပြီး အမျိုးမျိုးရှိပါတယ်။ အကိုက် အခဲရောဂါအမျိုးမျိုး သက်သာပျောက် ကင်းစေနိုင်မဲ့ တိုင်းရင်းဆေး ဆေးနည်းတို (ဆေးမြီးတို)တွေကို အောက်မှာဖော်ပြ ထားပါတယ်။ မိမိနဲ့သင့်တော်ရာ သုံးစွဲ နိုင်ပါတယ်။ ဆေးဝါးသုံးစွဲတဲ့အပြင် အနေအထိုင်အစားအသောက်လဲ ဂရု စိုက်ဖို့လိုပါတယ်။ အကိုက်အခဲရောဂါ၊ အဆစ်အမျက်ရောင်ရောဂါရှိသူတွေဟာ မှို၊ မျှစ်၊ မျှစ်ချဉ် စတဲ့ အတက်စာတွေ ရှောင်ရပါမယ်။ ဝမ်းတွင်းကလီစာအသား တွေလဲ ရှောင်ကြဉ်ရပါမယ်။ ခြေလေး ချောင်းသားတွေရှောင်ကြဉ်ပြီး အသီး အရွက်နဲ့ငါးကို များများစားပေးနိုင်ရင် ရောဂါပိုသက်သာစေမှာပါ။

**အကိုက်အခဲ၊ အကြောတက်ဆေးနည်း တိုများ**

၁။ ချင်းခြောက်အမှုန့်နဲ့ လင်းလေအမှုန့် ကို နှစ်ဆတစ်ဆ(နှစ်အချိုးတစ်)ရောစပ် ပြီး ရေနွေးပူပူ ဒါမှမဟုတ် အရက်နဲ့ဖျော် စပ်လိမ်းရင် ကိုက်ခဲရောဂါအမျိုးမျိုးကို သက်သာစေနိုင်ပါတယ်။

၂။ ကိုက်ခဲတဲ့အဆစ်နေရာမှာ မီးသလင် ဥအစို ဒါမှမဟုတ် အခြောက်မှုန့်ကို အဝတ်ပါးပါးနဲ့ထုပ်ပြီး ရေနွေးငွေ့ခံ ကြပ်ထုပ်ထိုးပေးပါ။

၃။ ငရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်းခြောက် သုံးမျိုးကို အမှုန့်ပြုလုပ်ပြီး မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီမှာ ထည့်ဖျော်ပြီး မီး နဲ့ ဆူအောင်ချက်ပြီး လိမ်းပေးပါ။ ပတ် တီးစည်းပေးပါက အေးတဲ့ရာသီမှာ ဖြစ်တဲ့ အကိုက်အခဲရောဂါကို သက်သာ စေနိုင်ပါတယ်။

၄။ တောင်တန်ကြီး၊ တောင်တန်ကတိုး၊ ကရမက်တို့ကိုသွေးပြီး ရောစပ်လိမ်းပေး ရင် ပူတဲ့ရာသီမှာဖြစ်တဲ့ ကိုက်ခဲတာကို သက်သာစေနိုင်ပါတယ်။

၅။ ဆေးအိုးပုတ်ပင်ကိုပြုတ်ပြီး အရည် ကို အကြမ်းပန်းကန်တစ်လုံးလောက် သောက်သုံးပေးရင် အလုပ်ပင်ပန်းလို့ ဖြစ်တဲ့ ကိုယ်လက်ကိုက်ခဲတဲ့ရောဂါကို သက်သာစေနိုင်ပါတယ်။

၆။ နနွင်းမှုန့်ကို ပျားရည်နဲ့တေပြီး ခွေး ကြီးစေ့လောက် အလုံးပြုလုပ်ပြီး မနက်၊ ည သုံးလုံးလောက်စားပေးပါ။ အကိုက် အခဲရောဂါအမျိုးမျိုးကို သက်သာ စေနိုင်ပါတယ်။

၇။ ကြက်သွန်ဖြူကိုမီးဖုတ်ပြီး စားပေးရင် လေသက်ပြီး အကိုက်အခဲကိုသက်သာ စေနိုင်ပါတယ်။

၈။ စုတ်ထိုးဆေးနဲ့ကုသတာ၊ ရှေးလူကြီး တွေက မခံမရပ်နိုင်အောင်ကိုက်ခဲရင် ကြေးစုတ်နဲ့ စုတ်ထိုးဆေးကိုအသုံးပြုကြ တယ်။ မြန်မာ့ရိုးရာကြေးစုတ်တွေကို



ဆေးဖက်ဝင် ဆေးအိုးပုတ်ပင်ကို တွေ့ရစဉ်။

ဒီနေ့ထက်တိုင် ဘုရားစောင်းတန်းရှိ ကြေးထည်၊ ကြေးဆင်းတုအရောင်းဆိုင် တွေမှာ ဝယ်ယူရရှိနိုင်တယ်။ စုတ်ထိုး ဆေးနဲ့ အလွန်ကိုက်ခဲရင် ကြက် မောက်ဆူးပြန်ဆားကို သံပရာရည်နဲ့ ဖျော်ပြီး စုတ်ထိုးပေးရင် အကိုက်အခဲ တွေ ချက်ချင်းသက်သာစေတယ်။ တစ် နည်း ငဖြူကြီးပင်ရဲ့အစေးနဲ့ ရှိန်းခိုကို ရောသွေးပြီး စုတ်ထိုးပေးရင် အကိုက် အခဲသက်သာစေနိုင်ပါတယ်။

၉။ ကိုယ်ရံကြီးဂမုန်းပင်ရဲ့အရွက်ကို မီး ကင်ပြီး အရည်ညှစ်ယူပါ။ အဲဒီအရည်ကို အရက်ပြန်နဲ့ဖျော်ပြီး စုတ်ထိုးပေးပါ။ ခြေ၊ လက်၊ ပေါင်၊ ဒူး မခံမရပ်နိုင် အောင်ကိုက်ခဲတဲ့ဝေဒနာကို သက်သာ စေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်ကရုံးဝန်ထမ်း ပါ။ ကျွန်တော့်မှာအစာမကြေရောဂါရှိပါ တယ်။ ဝန်ထမ်းဖြစ်လို့ ရုံးကိုမနက်စော စောထမင်းချိုင့်ထည့်သွား၊ နေ့လယ် အချိန်မှ ထမင်းအေး၊ ဟင်းအေးကိုစားရ ကပြီး အစာမကြေရောဂါဖြစ်တယ်လို့ ထင်ပါတယ်။ မကြာမကြာ ဗိုက်အောင့် တတ်ပါတယ်။ အစာအိမ်ကနေ ဇားရှဉ် လဲပြန်တတ်ပါတယ်။ အစာမကြေရောဂါ ပျောက်ကင်းဖို့အတွက် ဆေးနည်းတိုတွေ ရှိရင် ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ "ရောဂါမူလံ အဇိဏ္ဏကံ ရောဂါဟူသမျှ အစာမကြေခြင်းကစသည်"လို့ အဆိုရှိပါ တယ်။ အစာမကြေရင် နောက်ဆက်တွဲ ရောဂါတွေတစ်ခုပြီးတစ်ခုဖြစ်လာနိုင်ပါ တယ်။ ဒါကြောင့် အစာကြေစေမဲ့နည်း လမ်းတွေကို လိုက်နာသုံးစွဲဖို့လိုပါတယ်။

၁။ ထမင်းစားပြီးတိုင်း ဖီးကြမ်းငှက်ပျော သီးနဲ့ ထန်းလျက်ကိုစားပေးရင် အစာ ကြေလွယ်တယ်။

၂။ အစာမကြေရင် ချင်းတက်ကိုပါးပါး လှီး ရှောက်ရည်ဆမ်းပြီး စားပေးပါ။

၃။ အစာစားပြီးတိုင်း သံပရာသီးဖျော် ရည်သောက်ပေးပါ။

၄။ ထမင်းစားများပြီး အစာမကြေဖြစ် ရင် စမုန်စပါးစေ့ကို အနည်းငယ်ဝါးပြီး စားပေးပါ။

၅။ အစာမကြေရောဂါ ရှိသူတွေဟာ ရှောက်သီးကို အလုံးလိုက်ပြုတ်ပြီး ထန်း လျက်နဲ့ ယိုထိုးစားပေးပါ။

၆။ အစာစားပြီး နို့ချဉ်၊ ဒိန်ချဉ်သောက် ပေးရင် အစာကြေလွယ်တယ်။

၇။ မန်ကျည်းသီးမှည့်အနှစ်ကို သကြား နဲ့ရော အလုံးပြုလုပ်ပြီးစားရင် အစာ ကြေလွယ်တယ်။

၈။ ငရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်းသုံးမျိုး ကို အမှုန့်ကြိတ်ပြီး အလေးချိန်ဆတူ သိန္ဓောဆားနဲ့ ရောစပ်စားရင် အစာ ကြေဆေးဖြစ်တယ်။

၉။ ငရုတ်ကောင်းမှုန့်ကို သကြားနှစ်ဆ နဲ့ရောစပ်စားရင် အစာကြေစေပါတယ်။

၁၀။ ချင်းကို အမျှင်ရအောင်ခြစ်ယူ ပြီး ရှောက်ရည်နဲ့ စိမ်ထားပါ။ နှမ်းဆီ အနည်းငယ်ဆမ်းပြီးစားရင် ဥပုသ်သည် တွေမှာဖြစ်တဲ့ အစာအိမ်လေပူထတာ ကို နိုင်တယ်။

၁၁။ ဆန်လက်တစ်ဆုပ်ကို လှော်ပြီး ပဲရာဇာ ခေါ် ပဲနီကလေးလက်တစ်ဆုပ် နဲ့ရောပြီး ပြုတ်သောက်ရင် အစာအိမ် အားနည်းလို့ဖြစ်တဲ့ အစာမကြေရောဂါ ကို ပျောက်ကင်းစေနိုင်တယ်။

၁၂။ ထမင်းရည်ကို ဆားလှော်အနည်း ငယ်၊ နှမ်းထောင်းအနည်းငယ်ထည့်ပြီး နေ့စဉ်သောက်ရင် အစာမကြေရောဂါ ပျောက်ကင်းစေနိုင်တယ်။

၁၃။ ငါးရံ့ကို ဆန်လှော်အနည်းငယ် ထည့်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်းနဲ့ စပါးလင်ကိုဆီသတ်ပြီး ငါးရံ့ဆန်လှော် ဟင်း ပြုလုပ်ပြီးသောက်ပါ။ အစာအိမ် အားနည်းလို့ အစာမကြေတဲ့ရောဂါ သက်သာစေနိုင်တယ်။

၁၄။ နနွင်းမှုန့်ကို ထမင်းရည်နဲ့လုံးပြီး ဆီးစေ့လောက် နေ့စဉ် မနက်၊ ည စားသုံးပေးပါ။ တစ်နည်း နနွင်းမှုန့်ကို ပျားရည်နဲ့တေပြီး ကော်ဖီဇွန်းတစ်ဇွန်း လောက် နေ့စဉ်စားပေးပါ။ နှစ်ကြာ အစာမကြေရောဂါ သက်သာပျောက် ကင်းစေနိုင်တယ်။

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မမှာ မွေးရာပါနလုံး အပေါက်ကျယ်ရောဂါရှိပါတယ်။ အာ သီးရောင်ရောဂါလဲ ဖြစ်ဖူးပါတယ်။ လက်ဆစ်တွေ ပုံမှန်မဟုတ်ဘဲ အဆစ် တွေရောင်ပြီးကြီးနေပါတယ်။ လေးဖက် နာအဆစ်ရောင်ရောဂါလို့လဲ ပြောကြပါ တယ်။ တချို့ကလဲ သွေးလေးဖက်နာ အဆစ်ရောင်ရောဂါလို့ပြောကြပါတယ်။ ကျွန်မရဲ့ရောဂါပျောက်ကင်းဖို့ ဆေးဝါး ခတ်စာတွေရှိရင် ပေးစေလိုပါတယ်။**

ဖြေ ။ ။ ပိုးကြောင့်ဖြစ်တဲ့ အဆစ်ရောင်ရောဂါ၊ နှလုံးကြောင့်ဖြစ်တဲ့ အဆစ်ရောင်ရောဂါ၊ ထိခိုက်လို့ဖြစ်တဲ့ အဆစ်ရောင်ရောဂါနဲ့ သွေးကြောင့်ဖြစ်တဲ့ အဆစ်ရောင်ရောဂါ ဆိုပြီး အမျိုးမျိုးရှိပါတယ်။ အမြဲတမ်း ဆေးစားနေရတဲ့ရောဂါမျိုးဖြစ်ပါတယ်။ တိုင်းရင်းဆေးနဲ့ အထောက်အကူဖြစ် စေမဲ့ဆေးဝါးခတ်စာတွေကို အောက် မှာ ဖော်ပြထားပါတယ်။

၁။ ကြက်တက်ရွက်ကိုပြုတ်ပြီး အသုပ် ပြုလုပ်စားပေးပါရင် အဆစ်ရောင်ရောဂါ သက်သာစေပါတယ်။

၂။ တရုတ်စံကားပွင့်ကို အစိုဖြစ်ဖြစ်၊ အခြောက်ဖြစ်ဖြစ် ပြုတ်ပြီးသုပ်စားပါ။ နှလုံးကြောင့်ဖြစ်တဲ့ နှစ်ကြာအဆစ်ရောင် ကိုက်၊ လေးဖက်နာသက်သာစေတယ်။

၃။ စပါးလင်ကို ငါးနဲ့ ဆန်လှော်အနည်း ငယ်ထည့်ပြီး အရည်သောက်ဟင်းချက် စားရင် အဆစ်ရောင်ကိုက်ရောဂါ သက်သာစေတယ်။

၄။ နနွင်းမှုန့်ကို ရေနွေးနဲ့ ပျစ်ပျစ်ဖျော် ပြီး ခွေးကြီးစေ့လောက် အလုံးငယ် ကလေးတွေပြုလုပ်ပြီး သုံးလုံးကနေ ငါးလုံးထိ နေ့စဉ်စွဲပြီး တစ်လလောက် စားသုံးပေးရင် အဆစ်ရောင်ကိုက် သက်သာပျောက်ကင်းနိုင်တယ်။

၅။ နွားနို့ပူပူမှာ နနွင်းမှုန့်ကို မန်ကျည်း စေ့လောက်ထည့်ဖျော်ပြီး မနက်၊ ည သောက်သုံးပေးရင် အကိုက်အခဲရောဂါ တွေ သက်သာစေနိုင်တယ်။

၆။ အဆစ်ရောင်ကိုက်တဲ့နေရာမှာ တမာ ခေါက်ကို သွေးလိမ်းပေးပါ။ တမာရွက် ပြုတ်ရည်နဲ့စိမ်ပေးရင် အရောင်ကျပြီး အကိုက်သက်သာစေနိုင်တယ်။

၇။ ကျားမနိုင်မြစ်ကို သွေးလိမ်းပေးရင် အဆစ်ရောင်ရောဂါ၊ ပူလို့ကိုက်တဲ့ရောဂါ သက်သာစေနိုင်တယ်။

၈။ ချဉ်ပေါင်ရွက်ကိုပြုတ် နနွင်းမှုန့် အနည်းငယ်နဲ့ရောပြီး ညက်အောင် ထောင်းပါ။ ကိုက်ခဲတဲ့အဆစ်ကြီးတွေ မှာ အုံပြီးစည်းပေးရင် အရောင်ကျပြီး အကိုက်သက်သာစေနိုင်တယ်။

၉။ တရုတ်စံကားပင်ကအစေးကို အရက် နဲ့ဖျော်ပြီး လက်ဆစ်ခြေဆစ်တွေရောင်တဲ့ နေရာမှာ လိမ်းပေးပါ။

၁၀။ ဒူးဆစ်၊ တံတောင်ဆစ် အဆစ်ကြီး တွေရောင်ရင် ဇာဒ်ရွက်ကို မီးကင်ပြီး ရောင်တဲ့နေရာမှာကပ်ပြီး ပတ်တီးစည်း ထားပေးပါ။

၁၁။ သဘော်ရွက်ကိုမီးကင်ပြီး အဆစ် ရောင်ကိုက်တဲ့နေရာမှာကပ်ပေးပါ။ ဒါမှ မဟုတ် ပတ်တီးနဲ့ စည်းထားပေးရင် အရောင်ကျပြီး အကိုက်သက်သာစေ နိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အကျိုးတူလယ်ယာစနစ်ဖြင့်စိုက်ပျိုးခဲ့သည့် စပါးဧက ၂၅၀၀၀ ရိတ်သိမ်းပြီးစီး

**ကျုံပျော် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့သည့် စပါးဧက ၂၅၀၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။



ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အကျိုးတူလယ်ယာစနစ်ဖြင့် စပါးဧက ၂၅၀၀၀ ကို ယခုနှစ် ဇွန်လက စတင်စိုက်ပျိုးခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သည့်စပါးများကို အောက်တိုဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင် တင်း ၈၀ မှ ၈၇ တင်းထိထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် ကျုံပျော်မြို့နယ်မှာ အကျိုးတူလယ်ယာစနစ်နဲ့ စပါးတွေကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုမိုးစပါးတွေ ရိတ်သိမ်းနေတယ်။ အကျိုးတူလယ်ယာစနစ်နဲ့ စိုက်ပျိုးတဲ့ဧကတွေကိုတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ စပါးတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ ဌာန ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီနှစ်မိုးစပါးတွေကို မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးထားပါတယ်။ အထွက်နှုန်းတွေကောင်းစေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးစပါးတွေ ဈေးကောင်းရရှိစေဖို့ကိုလဲ စိုက်ပျိုးရေးကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးတာတွေ လုပ်ပေးခဲ့ပါတယ်။ ဒီလိုလုပ်ငန်းတွေ လုပ်ပေးခဲ့လို့ ရာနှုန်းပြည့် စိုက်ပျိုးရိတ်သိမ်းနိုင်တာပါ"ဟု ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် အကျိုးတူလယ်ယာစနစ်ဖြင့် မိုးစပါးများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး၊ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ စပါးအရည်အသွေးကောင်းစေရေး၊ ထွက်ရှိလာသည့်စပါးများ ဈေးကောင်းရရှိစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့် ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပုဗ္ဗသီရိမြို့နယ် ရေပြာကျေးရွာ၌ အုတ်ရေကန်တည်ဆောက်နေမှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သပြေကုန်းကျေးရွာအုပ်စု ရေပြာကျေးရွာ၌ အုတ်ရေကန်တည်ဆောက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နီလာဝင်း၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနှင့်အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေပြာကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နီလာဝင်းက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ပုဗ္ဗသီရိမြို့နယ် ရေပြာကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့်ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၂၁ ဒသမ ၀၃ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် စက်တင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ရေပြာကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုထံမှ သိရသည်။ **နေဝ်လူး**

## စာဆိုတို့ပျော်ရွှင်ကြ နတ်တော်လ

\- စာဆိုတို့ ပျော်မွေ့ရာ
ရာသီအခါ ခေနှ၊
နှင်းစွေစွေ မြူအသန့်ရယ်မှ
သင်းဝေဝေ ဖြူရန့်
ခင်းဖြန့်ဥတု။

\- လှည့်ပတ်ပြု မိဂသီ
ရယူပြီ နက္ခတ်ဘွဲ့၊
မှုန်းယဉ်ယဉ် အသွင်မြင့်က
ဂမုန်းအင် သဇင်ပွင့်ကိုလ
"တင့်"ဖို့ ကူခဲ့။

\- စန်းယှဉ်ဖွဲ့ တာရာ
ဟသ်ာပျံ ပုံတည်ထား၊
မြင်းနှင့်လူ တေ့ဆက်ပေး
အဆင်းတင့်မူ မွေ့ယှက်ထွေးတဲ့
လေးစွဲယောက်ျား။

\- သည်ကာလ နှင်းများဝေ
နတ်မင်းတွေ ရွှင်မြူး၊
"အစိမ်းပွဲ"ကမ္ဘာ ဆင်ယင်ခင်းတဲ့
"ပိန္နဲ"မဟာ သဘင်အတွင်းမှာ
နှင်းရည်က လူး။

\- သက်ဝါကျူး မြတ်စာဆို
ဂုဏ်ထိုထို တင့်တယ်ကြော့၊
အသိသညာ ဉာဏ်အလှတိုက်အတွက်
ကဝိဆရာ "စံပြ"မကိုင်ရှုကို
ဦးခိုက်ကန်တော့။

\- မြောက်လေဆော့ နတ်တော်
လှမ်းခေါ်မယ့် ကလောင်လက်၊
လူထုကို သာစေအကြောင်း
အကျုပြုလို စာပေကောင်းနဲ့
ပေါင်းစုတင်ဆက်။

\- ဦးတင်လျက် လက်တစ်စုံ
ဆရာ့ဂုဏ် ကျေးဇူးတရား၊
နိမိတ်ပြုပြင် "သိ"တစ်ရပ်နဲ့
စိတ်နုယဉ် "ကဝိမြတ်"က
(ဉာဏ်အလင်းဖြင့်. . . )
ဖွင့်ဖတ်စာများ။ ။

**ချမ်းမြေ့(ဇလွန်မြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အစ္စရေး၏အိုင်းလက်ဆိပ်ကမ်း လုပ်ငန်းလည်ပတ်မှု ၈၅ ရာခိုင်နှုန်းကျဆင်း



**ဂျေရုဆလင် ဒီဇင်ဘာ ၂၂**

ယီမင်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များက ပင်လယ်နီအတွင်းသွားလာနေသည့် ကုန်တင်သင်္ဘောများကို တိုက်ခိုက်မှုများ မြှင့်တင်လုပ်ဆောင်လာချိန်တွင် အစ္စရေးနိုင်ငံ၏ အိုင်းလက်ဆိပ်ကမ်းမှာ ဆိပ်ကမ်းလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းကျဆင်းခဲ့ရကြောင်း သိရသည်။

အိုင်းလက်ဆိပ်ကမ်းသည် မော်တော်ယာဉ်သွင်းကုန်နှင့် ဓာတ်မြေဩဇာပို့ကုန်များကို အဓိကထားကိုင်တွယ်သည့် ဆိပ်ကမ်းဖြစ်ပြီး အစ္စရေးနိုင်ငံ၏ မြေထဲပင်လယ်ဆိပ်ကမ်းများနှင့် နှိုင်းယှဉ်ပါက အရွယ်အစားသေးငယ်လှသည်။

သို့ရာတွင် အိုင်းလက်ဆိပ်ကမ်းသည် အစ္စရေးနိုင်ငံအတွက် စူးအက်တူးမြောင်းကို ဖြတ်ကျော်ရန်မလိုသည့် အရှေ့ဘက်ထွက်ပေါက်လည်းဖြစ်သည်။

ဟူသီသူပုန်များ၏ တိုက်ခိုက်မှုကြောင့် ပင်လယ်နီရေလမ်းကြောင်းကို ကုန်တင်သင်္ဘောများရှောင်ရှားလာခဲ့ပြီးနောက် အိုင်းလက်ဆိပ်ကမ်း၏ လုပ်ငန်းလည်ပတ်မှုမှာ ၈၅ ရာခိုင်နှုန်းထိ ကျဆင်းသွားကြောင်း ဆိပ်ကမ်း တာဝန်ရှိသူများက ဒီဇင်ဘာ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲစတင်ဖြစ်ပွားခဲ့သည့် အောက်တိုဘာ ၇ ရက်နောက်ပိုင်းတွင် ဟူသီသူပုန်များသည် ပင်လယ်နီအတွင်းသွားလာနေသည့် ကုန်တင်သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့သည်။

ထို့ပြင် အဆိုပါအိုင်းလက်ဆိပ်ကမ်းသည် ပင်လယ်သေဒေသဘက်မှ ဝင်ရောက်လာသည့်သွင်းကုန်ပစ္စည်းများကို အဓိကကိုင်တွယ်သည့် ဆိပ်ကမ်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## တရုတ်နှင့်အမေရိကန် စစ်ခေါင်းဆောင်များ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေး

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

ဒီဇင်ဘာ ၂၁ ရက်တွင် အမေရိကန်နှင့် တရုတ်ထိပ်တန်းစစ်ခေါင်းဆောင်နှစ်ဦးအကြား ဗီဒီယိုကွန်ဖရင့်စနစ်ဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ ပြီးခဲ့သည့်လအတွင်း တွေ့ဆုံနိုင်ခဲ့ပြီးနောက် နှစ်နိုင်ငံစစ်ဘက်ထိပ်တန်းတပ်များအကြား ဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲသည် တရုတ်နှင့်အမေရိကန် နှစ်နိုင်ငံစစ်ဘက်များအကြား တစ်နှစ်ကျော်ကြာကာလအတွင်း ပထမဆုံးဆွေးနွေးပွဲလည်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း နန်စီပလိုစီ တရုတ်တိုင်ပေသို့ ဝင်ရောက်ခဲ့ပြီးနောက် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် စစ်ရေးဆိုင်ရာဆက်ဆံမှုများကို ဖြတ်တောက်ခဲ့သည်။

ဒီဇင်ဘာ ၂၁ ရက် ဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲတွင် အမေရိကန်စစ်ဘက်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌ လေတပ်ဗိုလ်ချုပ်ကြီးချားလ်ကျူဘာရောင်းနှင့်တရုတ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးလျူကျန်းလီတို့ ပါဝင်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ချားလ်ကျူဘာရောင်းနှင့် လျူကျန်းလီတို့သည် နိုင်ငံတကာနှင့်ဒေသတွင်းပြဿနာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အမတ်လောင်းများ ရွေးကောက်ပွဲမှတ်ပုံတင်နိုင်သည့်ကာလကို ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင် နှစ်ရက်ထပ်တိုးပေး

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၂**

အမျိုးသား ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းများ စာရင်းသွင်းမှတ်ပုံတင်နိုင်မည့်ရက်ကို ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်က အချိန်နှစ်ရက်ထပ်တိုးပေးခဲ့ကြောင်း သိရသည်။

နိုင်ငံရေးပါတီများနှင့် အမတ်လောင်းများအချိန်ရစေရန် အမျိုးသားရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်နိုင်မည့် နောက်ဆုံးသတ်မှတ်ရက်ကို နှစ်ရက်ထပ်တိုးပေးမည်ဖြစ်ကြောင်း ပါကစ္စတန် ရွေးကောက်ပွဲကော်မရှင်က ကြေညာထားသည်။

ရွေးကောက်ပွဲအတွက် မှတ်ပုံတင်နိုင်မည့်အချိန်ကို တိုးပေးခဲ့မှုကြောင့် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းနှင့် နဝပ်ရှရစ်ဖ်တို့အတွက် ရွေးကောက်ပွဲဝင်ရောက်ရေးကြိုးစားရန် အချိန်ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် အမျိုးသားရွေးကောက်ပွဲများကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

တရားရုံးများက ချမှတ်ထားသော ပြစ်ဒဏ်များကြောင့် နိုင်ငံရေးလုပ်ခွင့် ပိတ်ပင်ခံထားရသော်လည်း ရွေးကောက်ပွဲဝင်ပြိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟောင်းများဖြစ်ကြသည့် အီမရန်ခန်းနှင့်နဝပ်ရှရစ်ဖ်တို့က ကြေညာထားသည်။

အမျိုးသားရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် ကိုယ်စားလှယ်များစာရင်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ရန် ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်က စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ၂၀၁၉ ခုနှစ်နောက်ပိုင်း တရုတ်သို့လွှဲပေးသည့် ပထမဆုံးဘိုးအင်းလေယာဉ် ရှန်ဟိုင်းသို့ရောက်ရှိ



**ရှန်ဟိုင်း ဒီဇင်ဘာ ၂၂**

၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နိုင်ငံအခြေစိုက် ဘိုးအင်းကုမ္ပဏီက တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးမည့် ဘိုးအင်းခရီးသည်တင်လေယာဉ်သစ်သည် ယနေ့တွင် ရှန်ဟိုင်း နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါဘိုးအင်း ၇၈၇ ဒရမ်းလိုင်နာအမျိုးအစားခရီးသည်တင်လေယာဉ်သည် အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် အဲဗရက်ပိုင်လေဆိပ်မှတစ်ဆင့် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ တိုက်ရိုက်ပျံသန်းလာခြင်းဖြစ်သည်။

ရှန်ဟိုင်းလေဆိပ်သို့ရောက်ရှိလာသည့် အဆိုပါလေယာဉ်ကို တရုတ်ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုဖြစ်သည့် ကျောင်းယောင်လေကြောင်းလိုင်းက လက်ခံရယူခဲ့သည်။

အဆိုပါလေယာဉ်သည် လေးနှစ်ကျော်ကြာကာလအတွင်း တရုတ်နိုင်ငံကလက်ခံရယူခဲ့သည့် ပထမဆုံး ဘိုးအင်းကုမ္ပဏီထုတ် လေယာဉ်ဖြစ်သည်။

ဘိုးအင်း ၇၃၇ မက်စ်အမျိုးအစားလေယာဉ်များပျက်ကျမှုဖြစ်စဉ်ဆက်တိုက် ပေါ်ပေါက်ခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ဘိုးအင်းကုမ္ပဏီထံမှ လေယာဉ်သစ်များမှာယူခြင်း၊ မှာယူထားသော လေယာဉ်များကို လက်ခံယူခြင်းများ စတင်ဆိုင်းငံ့ခဲ့သည်။

တရုတ်နိုင်ငံ၏ ခရီးသည်တင်လေယာဉ်ဝယ်လိုအားသည် ၂၀၄၂ ခုနှစ်ထိ ကမ္ဘာ့ဝယ်လိုအားစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းထိရှိနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း သိရသည်။**Ref : RT**

**Trs : KKO**

## အမေရိကန်ဦးဆောင်သော ပင်လယ်နီရေလမ်းကြောင်းများလုံခြုံရေး နိုင်ငံစုံတပ်ဖွဲ့၌ နိုင်ငံပေါင်း ၂၀ ကျော်ပါဝင်လာ

**နယူးယောက် ဒီဇင်ဘာ ၂၂**

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်အရ အမေရိကန်ဦးဆောင်သည့် ပင်လယ်နီ ရေလမ်းကြောင်းများ လုံခြုံရေးနိုင်ငံစုံတပ်ဖွဲ့တွင် ပူးပေါင်းပါဝင်ရန် နိုင်ငံပေါင်း ၂၀ ကျော်တို့က သဘောတူထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပင်လယ်နီ ရေလမ်းကြောင်းများ လုံခြုံရေး နိုင်ငံစုံတပ်ဖွဲ့၌ပါဝင်ရန် ထပ်မံ၍ လက်မှတ်ရေးထိုးထားသည့် နိုင်ငံပေါင်း ၂၀ ကျော်ထိ ရှိကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်အရ သိရသည်။

ပင်လယ်နီကုန်သွယ်ရေးလမ်းကြောင်းများ လုံခြုံရေးကင်းလှည့်လှုပ်ရှားမှုများကို အမေရိကန်နိုင်ငံဦးဆောင်သောနိုင်ငံအချို့က လွန်ခဲ့သည့်နှစ်ရက်ကပင် စတင်နေပြီဖြစ်သည်။



ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုက ပင်လယ်နီရေပြင်အတွင်း သွားလာနေသည့် ကုန်တင်သင်္ဘောများကို ပိုမိုတိုက်ခိုက်လာခဲ့ပြီးနောက် ပင်လယ်နီရေလမ်းကြောင်းများ လုံခြုံရေး နိုင်ငံစုံတပ်ဖွဲ့ကို ဖန်တီးရန် အမေရိကန်နိုင်ငံက ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြားလက်ရှိဖြစ်ပွားနေသည့်စစ်ပွဲတွင် ဟားမတ်စ်အုပ်စုကို ထောက်ခံသည့်အနေဖြင့် ပင်လယ်နီရေပြင်အတွင်း သွားလာနေသည့် ကုန်တင်သင်္ဘောများကို တိုက်ခိုက်နေခြင်းဖြစ်သည်။

ဟူသီသူပုန်များ၏ တိုက်ခိုက်မှုကြောင့် ဥရောပ၊မြောက်အမေရိကနှင့် အာရှတို့ကို စူးအက်တူးမြောင်းဖြင့် ချိတ်ဆက်ပေးထားသည့် ပင်လယ်နီ ကုန်သွယ်ရေးလမ်းကြောင်းများ၌ ရေကြောင်းကုန်သွယ်ရေးလုပ်ငန်းများ ထိခိုက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Landspace အာကာသကုမ္ပဏီက အတက်အဆင်းပြုလုပ်နိုင်သည့် ဒုံးပျံများကို စမ်းသပ်ရေးအတွက် အသင့်ရှိနေပြီဖြစ်



**ပေကျင်း ဒီဇင်ဘာ ၂၂**

တရုတ်နိုင်ငံအခြေစိုက် Landspace အာကာသကုမ္ပဏီသည် အတက်အဆင်း ပြုလုပ်နိုင်သည့် ဒုံးပျံများကို စမ်းသပ်ရေးအတွက် အသင့်ရှိနေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

Landspace ကုမ္ပဏီသည် ဒီဇင်ဘာ ၈ ရက်တွင် ကျူကေး-၂ မီသိန်းဓာတ်ငွေ့ရည်သုံး ဒုံးပျံကို ဂြိုဟ်တုနှစ်စင်းနှင့်အတူ အောင်မြင်စွာ ပစ်လွှတ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် Landspace ကုမ္ပဏီသည် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော ကျူကေး-၃ အမည်ရှိ ဒုံးပျံကိုလည်း ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် လွှတ်တင်ရန် ရည်ရွယ်ထားသည့် ကျူကေး-၃ မစ်ရှင်အတွက် စမ်းသပ်မှုများကို ပြုလုပ်ရန် Landspace ကုမ္ပဏီက လက်ရှိအချိန်တွင် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

Landspace ကုမ္ပဏီသည် အတက်အဆင်း ပြုလုပ်နိုင်သော ကျူကေး-၃ ဒုံးပျံသစ်တွင် မီသိန်းလောင်စာရည်သုံး ဒုံးအင်ဂျင်များကို တပ်ဆင်အသုံးပြုရန် စီစဉ်ထားသည်။

ကျူကေး-၃ ဒုံးပျံသစ်သည် အလေးချိန်ကီလိုဂရမ် ၂၁၀၀၀ ထိရှိသော ဂြိုဟ်တုနှင့်အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ် ကမ္ဘာမြေအပြန်ခရီးအတွက် ဒီဇင်ဘာ ၂၁ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးအတွက် ဒီဇင်ဘာ ၂၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် ချီလီအနောက်တောင်ပိုင်း ကမ်းရိုးတန်းကမ်းလွန်အထက် ပတ်လမ်းပေါ်တွင် နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့ပြီးနောက် ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ယနေ့တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် မူလက ဒီဇင်ဘာ ၁၄ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်ရန်စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် အစီအစဉ် ဆိုင်းငံ့ခဲ့ရကြောင်း သိရသည်။



သိပ္ပံပညာ စမ်းသပ်ပစ္စည်း ကီလိုဂရမ် ၃၀၀၀ ခန့်ကို ပြန်လည်သယ်ဆောင်လာမည့် ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းကမ်းလွန်၌ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် CRS-24 အမည်ရှိ မစ်ရှင်ဖြင့် အဆိုပါဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၁၁ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မီဂါလိုဒန် ခေါ် ကမ္ဘာဦးငါးမန်းကြီးတစ်ကောင်၏ သွားကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

မီဂါလိုဒန်(Megalodon) ခေါ် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သည့် ကမ္ဘာဦးငါးမန်းကြီးတစ်ကောင်၏ သွားကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

အဆိုပါမီဂါလိုဒန် သွားကျောက်ဖြစ်ရုပ်ကြွင်းကို ဝိုင်အိုးမင်းတက္ကသိုလ်မှ အမေရိကန်သိပ္ပံပညာရှင်များက ဟာဝိုင်ရီကျွန်းစုအနီး မြောက်ပစိဖိတ် သမုဒ္ဒရာရေပြင်အောက် ပေ ၁၀၀၀၀ ကျော်တွင်ရှိသော ပင်လယ်တောင်ကုန်းတစ်ခုပေါ်၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရှည် သုံးလက်မရှိသည့်အဆိုပါ မီဂါလိုဒန် သွားကျောက်ဖြစ်ရုပ်ကြွင်းသည် တစ်ဝက်တစ်ပျက်သာ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် ပြောင်းလဲနေသည်ဖြစ်ရာ သိပ္ပံပညာရှင်များအနေဖြင့် ပို၍အသေးစိတ်ကျကျ လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သမုဒ္ဒရာများ၊ ကမ်းခြေများမှ ရှာဖွေတွေ့ရှိခဲ့ရသော မီဂါလိုဒန် သွားကျောက်ဖြစ်ရုပ်ကြွင်း အများစုမှာ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် အပြည့်အဝရောက်ရှိနေသော ရုပ်ကြွင်းများဖြစ်ကြသည်။

ဝိုင်အိုးမင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ရသည့် မီဂါလိုဒန် သွားကျောက်ဖြစ်ရုပ်ကြွင်းသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၃ ဒသမ ၅ သန်းထိရှိပြီဖြစ်ကြောင်း သိရသည်။

မီဂါလိုဒန် ငါးမန်းများသည် လွန်ခဲ့သောနှစ်ပေါင်း သုံးသန်းနှင့် ၂၃ သန်းကြား ကာလအတွင်း ရှင်သန်ခဲ့ကြသော ကမ္ဘာဦးငါးမန်းများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# H E A L T H

## ဈေးနှုန်းချိုသည့်ကာကွယ်ဆေးတစ်မျိုးက သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်

**နယူးယောက် ဒီဇင်ဘာ ၂၂**

ဈေးနှုန်းချိုသာသည့် ကာကွယ်ဆေးတစ်မျိုးသည် သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်ပြီး ၁၀ နှစ်အတွင်း နှလုံးရောဂါဖြစ်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၁ ရက်သတင်းများအရ သိရသည်။

အဆိုပါ ကိုလက်စထရောမြင့်မားမှု ကာကွယ်ဆေးကို အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုတက္ကသိုလ်မှ သုတေသနပညာရှင်များက ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ အဆိုပါ ကာကွယ်ဆေးသည် ကြွက်များ၏ သွေးအတွင်းရှိ ဆိုးကျိုးပြုကိုလက်စထရောပမာဏကို ၃၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးသည် ကိုလက်စထရောကို မြှင့်တင်ပေးနိုင်သည့် PCSK 9 အမည်ရှိ ပရိုတင်းတစ်မျိုးကို ထိန်းချုပ်ခြင်းဖြင့် ကိုလက်စထရောကို လျှော့ချပေးကြောင်း သိရသည်။

ကိုလက်စထရော မြင့်မားမှုပြဿနာသည် သွေးအတွင်း Lipid ခေါ် အဆီဓာတ်တစ်မျိုး လွန်ကဲလာချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အသက် ၅၅ နှစ်မတိုင်မီ ကိုလက်စထရော၊ သွေးဖိအားမြင့်မားသူများတွင် နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**ကင်ဘာရာ ဒီဇင်ဘာ ၂၂**

အသက် ၅၅ နှစ် မတိုင်မီ ကိုလက်စထရော မြင့်မားနေသူ၊ သွေးဖိအားပုံမှန်ထက် မြင့်မားလာသူများတွင် အသက်ရလာချိန်၌ နှလုံးရောဂါဖြစ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

အသက် ၅၅ နှစ် မတိုင်မီ ကိုလက်စထရောပါဝင်မှု မြင့်မားနေသူ၊ သွေးဖိအားပုံမှန်ထက်မြင့်မားနေသူများအနေဖြင့် အထက်ပါအခြေအနေနှစ်ရပ်ကို အထိုက်အလျောက်လျှော့ချထားသည့်တိုင် အသက်ရလာချိန်တွင်နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေမြင့်မားလာနိုင်ကြောင်း ဩစတြေးလျ သုတေသန ပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် ကိုလက်စထရောပုံမှန်ထက်မြင့်တက်နေသူ ၁၃၆၆၄၈ ဦးနှင့် သွေးဖိအားပုံမှန်ထက်မြင့်တက်နေသူ ၁၃၅၄၃၁ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အသက် ၅၅ နှစ်မတိုင်မီ ကိုလက်စထရော မြင့်မားနေသူ၊ သွေးဖိအားမြင့်မားနေသူများတွင် အသက်ရလာချိန်၌ ကိုလက်စထရောနှင့်သွေးဖိအားကို လျှော့ချပေးနိုင်သည့်တိုင် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေသည် ကိုလက်စထရောပါဝင်မှုတဖြည်းဖြည်းမြင့်တက်လာမှု၊ သွေးဖိအားတဖြည်းဖြည်းမြင့်တက်လာမှုကဲ့သို့ နောက်ခံအကြောင်းတရားများ အပေါ်မူတည်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



# အလာဗက်ကိုအနိုင်ယူ၍ လာလီဂါအမှတ်ပေးဇယားကို ရီးရဲလ်မက်ဒရစ် ပြန်လည်ဦးဆောင်



**မက်ဒရစ် ဒီဇင်ဘာ ၂၂**

လာလီဂါအမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈)တွင် ရီးရဲလ်မက်ဒရစ်အသင်းက အလာဗက်အသင်းကို နာကျင်အချိန်ပိုသွင်းဂိုးဖြင့် တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခင်က အမှတ်ပေးဇယားဒုတိယနေရာတွင် ရမှတ် ၄၂ မှတ်ဖြင့် ရပ်တည်နေပြီး အဆင့်(၁)မှ ဂျီရိုနာအသင်းနှင့် ရမှတ်နှစ်မှတ်ကွာဟနေသော်လည်း ယခုပွဲစဉ်တွင် ဂျီရိုနာအသင်းက ဘက်တစ်အသင်းကို သရေရလဒ်သာကစားနိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းက အလာဗက်ကိုအသင်းကို အနိုင်ရခဲ့သောကြောင့် ရမှတ် ၄၅ မှတ်စီဖြင့် ရမှတ်တူညီခဲ့သော်လည်း ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက အလာဗက်အသင်းကို အဝေးကွင်းတွင်သွားရောက်ယှဉ်ပြိုင်ခဲ့ရပြီး ပြိုင်ဘက်အသင်း၏ အပြန်အလှန် ဖိအားပေးမှုများကို ခံခဲ့ရသဖြင့် ပွဲချိန် ၅၄ မိနစ်တွင် ခံစစ်ကစားသမားနာချို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီးနောက် ခံစစ်ကစားပုံကျဆင်းသွားခဲ့ရာ အလာဗက်အသင်းကတိုက်စစ်မြင့်ဖိအားပေးမှုများ ပြုလုပ်လာခဲ့သဖြင့် ရီးရဲလ်မက်ဒရစ်အသင်းက ဂိုးမပေးရရေး အာရုံစိုက်ကစားခဲ့ပြီး ပွဲကစားချိန်မိနစ် ၉၀ ပြီးဆုံး၍ နာကျင်အချိန်ပို နှစ်မိနစ်တွင် တိုနီခရူးစ်က ထောင့်ကန်ဘောမှဖြတ်တင်ပေးပို့မှုကို ဗက်စကွက်ဇ်က ခေါင်းတိုက်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးပွဲစဉ်(၁၈) ပြီးဆုံးချိန်တွင် ရီးရဲလ်မက်ဒရစ်က ရမှတ် ၄၅ မှတ်ဖြင့် အဆင့်(၁)၊ ဂျီရိုနာအသင်းက ရမှတ်တူဂိုးကွာခြားချက်ဖြင့် အဆင့်(၂)၊ ဘာစီလိုနာအသင်းက ရမှတ် ၃၈ မှတ်ဖြင့် အဆင့်(၃)၊ အေတီကိုအသင်းက ရမှတ်(၃၅) မှတ်ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ Squash အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူးဦးခွန်ဂျာအောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့သည်။

ဦးစွာအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁)ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြများကပြိုင်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အသီးသီးဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲခြင်းများကို ပြုလုပ်ခဲ့ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **STA**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊အမျိုးသမီးဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၇ နာရီခွဲမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့၌ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ စွမ်းအင်ဝန်ကြီးဌာန အသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေရလဒ်ဖြင့်ပြီးဆုံးခဲ့သည်။



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ အမျိုးသမီးဝိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# နည်းပြဖြစ်သူနှင့်လမ်းခွဲလိုက်ကြောင်း အမေရိကန် နံပါတ်(၂)တင်းနစ်ကစားသမား တီယာဖိုး ပြောကြား

**နယူးယောက် ဒီဇင်ဘာ ၂၂**

ကမ္ဘာ့အဆင့် (၁၆)နေရာတွင် ရပ်တည်နေသည့် အမေရိကန် နံပါတ်(၂) တင်းနစ်ကစားသမား တီယာဖိုးသည် ၂၀၂၄ ခုနှစ်ရာသီအတွက် ကြိုတင်ပြင်ဆင်မှုများကိုပြုလုပ်လျက်ရှိပြီး နည်းပြအပြောင်းအလဲပြုလုပ်ရန် ဆုံးဖြတ်ခဲ့ရာ လက်ရှိနည်းပြဖြစ်သူ ဝိန်းဖာရဲရာနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

တီယာဖိုးသည် အမေရိကန်တင်းနစ်လောကတွင် ပါရမီရှင်လူငယ်ကစားသမားအဖြစ်သတ်မှတ်ခံထားရသူဖြစ်သော်လည်း ယခုနှစ်တင်းနစ်ရာသီအတွင်းအောင်မြင်မှုများရယူနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ရာသီအကုန်တွင် ကမ္ဘာ့အဆင့်(၁၆) နေရာဖြင့်သာ အဆုံးသတ်ခွင့်ရခဲ့သည်။

တီယာဖိုးသည် နည်းပြဖြစ်သူဝိန်းဖာရဲရာနှင့် လက်တွဲဖြုတ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် အမေရိကန် ဆယ်ကျော်သက် တင်းနစ်မယ်ကိုကိုဂတ်ဖ်၏နည်းပြဟောင်းဖြစ်သူ ဒီယေဂိုမိုယာနိုနှင့် လက်တွဲအလုပ်လုပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အာဂျင်တီးနားတင်းနစ်ကစားသမားဟောင်းဒီယေဂိုမိုယာနိုသည် တင်းနစ်လောကမှ အနားယူခဲ့ပြီးနောက် နည်းပြအဖြစ် တောင်အာဖရိက နာမည်ကြီးတင်းနစ်ကစားသမား ကီဗင်အန်ဒါဆင်၊ အမေရိကန် တင်းနစ်ကစားသမားများဖြစ်ကြသည့် တွမ်မီပေါလ်၊ အိုပယ်လ်ကာ၊ ဒန်းနစ်ကူဒလာနှင့် ကာလာရီနီတို့၏ နည်းပြအဖြစ် တာဝန်ယူပေးခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ဇန်နဝါရီအပြောင်းအရွှေ့တွင် ပရီးမီးယားလိဂ်သို့ပြောင်းရွှေ့လိုကြောင်း တိုက်စစ်မှူးဆက်ကို ပြောကြား

**ဘာလင် ဒီဇင်ဘာ ၂၂**

ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဆဲလ်ဘတ်အသင်းမှ လိုက်ပ်ဇစ်အသင်းသို့ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူးဆက်ကိုက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။


တိုက်စစ်မှူး ဆက်ကိုသည် လိုက်ပ်ဇစ်အသင်းတွင် တိုက်စစ်မှူးအိုပန်ဒါနောက်တွင် ဒုတိယဦးစားပေးကစားသမားအနေဖြင့်သာ ပါဝင်နေရပြီး အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲတွင် သုံးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နှစ်ပွဲသာပါဝင်ခဲ့ရပြီး လူစားဝင် ကစားသမားအဖြစ်သာကစားနေရသောကြောင့် အသင်းမှထွက်ခွာရန်ဆန္ဒရှိနေကာ ပရီးမီးယားလိဂ်သို့ပြောင်းရွှေ့လိုကြောင်း သိရသည်။

လက်ရှိတွင် တိုက်စစ်မှူးဆက်ကိုအား အာဆင်နယ်အသင်း၊ မန်ယူအသင်း၊ ချဲလ်ဆီးအသင်းနှင့်နယူးကာဆယ်အသင်းတို့က ခေါ်ယူရန်အပြိုင်ချိတ်ဆက်နေပြီး အာဆင်နယ်အသင်းက ဒဏ်ရာမကြာခဏရရှိနေသည့် ဂျီးဆပ်၏နေရာတွင်လည်းကောင်း၊ မန်ယူအသင်းက အန်တိုနီမာရှယ်၏နေရာတွင်လည်းကောင်း၊ချဲလ်ဆီးအသင်းကအထောင်တိုက်စစ်နေရာတွင် အသုံးပြုရန် အတွက်လည်းကောင်း၊နယူးကာဆယ်အသင်းက ဒဏ်ရာပြဿနာနှင့် ရှုန်းကန်နေရသည့် အစ်ဆက်ခ်နှင့် ဝယ်လ်ဆင်တို့ နေရာတွင်လည်းကောင်း အစားထိုးနိုင်ရန်အတွက် အပြိုင်ကြိုးပမ်းနေခြင်းဖြစ်သည်။

လိုက်ပ်ဇစ်အသင်းသည် ဆက်ကိုအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုထားသော်လည်း အသင်းအနေဖြင့် မြင့်မားသည့် ပြောင်းရွှေ့ကြေးရရှိပါက လက်လွှတ်သွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြီးသတ်ဝယ်ယူခွင့်ပါသည့် ကနဦးအငှားစာချုပ်ဖြင့်သာခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**



# ရုရှားက TOS-1A အတွဲလိုက်ဒုံးပစ်လောင်ချာများအတွက် ဒရုန်းရန်ကာကွယ်ရေးအဆင့်မြှင့်တင်မှု

၂၀၂၀ပြည့်နှစ်က ဖြစ်ပွားခဲ့သော နာဂေါ်နို-ကာရာဘက် ပဋိပက္ခတွင် ဒရုန်းများကို အသုံးပြုမှုသည် သိသာထင်ရှားလာခဲ့သည်။ ထို့အတူ ယူကရိန်းနိုင်ငံအတွင်း စစ်ဆင်ရေးဆောင်ရွက်လျက်ရှိသော ရုရှားတပ်ဖွဲ့များသည် ယူကရိန်းဒရုန်းများ၏အန္တရာယ်ကို ရင်ဆိုင်ရလျက်ရှိသည်။ အဓိကအားဖြင့် ရုရှားတင့်ကား၊ အတွဲလိုက်ဒုံးပစ်လောင်ချာများနှင့် သံချပ်ကာယာဉ်များဖြစ်သည်။ ၎င်းစိန်ခေါ်မှုများကိုရင်ဆိုင်ရန်အတွက် ရုရှားသည် အဆင့်မြင့်ဖိဖျက်နှောင့်ယှက်မှုစနစ်များနှင့် သံကူကွန်ကရစ်အမိုးများ တီထွင်တပ်ဆင်လာခဲ့သည်။

**TOS-1A အတွက် အကာအကွယ်**

ရုရှားတပ်မတော်တွင် အင်အားအပြင်းဆုံး အမြောက်စနစ်များထဲမှ တစ်ခုဖြစ်သည့် TOS-1A အတွဲလိုက်ဒုံးပစ်လောင်ချာကာကွယ်ရေးကို တိုးမြှင့်ရန်အတွက် ရုရှားတပ်ဖွဲ့များက ယူကရိန်းတွင် တပ်စွဲထားစဉ် နောက်ထပ်အစီအမံများကို အကောင်အထည်ဖော်ခဲ့သည်။ ၎င်းအကောင်အထည်ဖော်မှုတွင် TOS-1A ယူနစ်များ၌ P-377UVM1L Lesochek ခေါ် ဖိဖျက်နှောင့်ယှက်စနစ် တပ်ဆင်ခြင်းပါဝင်သည်။ ဤအဆင့်မြင့် ဖိဖျက်မှုစနစ်သည် လေပေါ်ဝဲလက်နက်ခဲယမ်းများနှင့် တိုက်ရိုက်စောင့်ကြည့်တိုက်ခိုက်သည့် First-Person View (FPV) ခေါ် ဒရုန်းများ၏ခြိမ်းခြောက်မှုကိုတန်ပြန်ရန် အထူးဒီဇိုင်းထုတ်ထားသည်။ ဤနည်းပညာအဆင့်မြှင့်တင်မှုနှင့်အတူ TOS-1A ၏ ဒုံးပစ်လောင်ချာစနစ်တစ်ဝိုက်တွင် ဝိုင်ယာကြိုးအကာအရံများကို တပ်ဆင်ထားသည်။

**လေပေါ်ဝဲစဲယမ်း ခေါ် ဖျက်ဆီးခံဒရုန်းများအသုံးပြုမှု**

ယူကရိန်းစစ်မြေပြင်တွင် Kamikaze ခေါ် ဖျက်ဆီးခံဒရုန်းများနှင့် FPV တိုက်ရိုက်စောင့်ကြည့်သည့် ဒရုန်းများကိုအသုံးပြုခြင်းဖြင့် သိသာထင်ရှားသည့် တိုးတက်မှုများကိုမြင်တွေ့ရသည်။ ဤနည်းပညာများက ပဋိပက္ခအတွင်းဒိုင်းနမစ်များနှင့် ခြိမ်းခြောက်မှုအသစ်များကို မိတ်ဆက်ပေးခဲ့သည်။ လေပေါ်ဝဲခဲယမ်းများ သို့မဟုတ် Kamikaze ဖျက်ဆီးခံဒရုန်းများသည် ပစ်မှတ်ကိုမတိုက်ခိုက်မီ စစ်မြေပြင်တွင်ကင်းလှည့်သည့် လက်နက်များဖြစ်သည်။ ထောက်လှမ်းမှု၊ စောင့်ကြည့်မှု၊ ကင်းထောက်မှု၊ ဆက်သွယ်မှုနှင့် တိုက်ခိုက်မှုစွမ်းရည်များပေါင်းစပ်ထားသည့် အဆိုပါဒရုန်းများသည် Harpy လေပေါ်ဝဲခဲယမ်းများကို အစ္စရေးကတီထွင်ခဲ့သည့် ၁၉၈၀ ပြည့်နှစ်များအတွင်းက စတင်ခဲ့သည်။

ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံစလုံးက ၎င်းတို့ကို လက်ရှိပဋိပက္ခတွင် အောင်မြင်စွာအသုံးပြုခဲ့ကြသည်။ ပဋိပက္ခကိုစောင့်ကြည့်လေ့လာသော တချို့မဟာဗျူဟာပညာရှင်များက အဆိုပါခဲယမ်းများသည် အရွယ်အစားသေးငယ်သော်လည်း အထူးသဖြင့် လေကြောင်းရန်ကာကွယ်ရေးရေဒါများနှင့် ဒုံးကျည်များကဲ့သို့ တန်ဖိုးကြီးပစ်မှတ်များကို ဖျက်ဆီးရာတွင် သိသာထင်ရှားသောရလဒ်များ ရရှိခဲ့သည်ကို သတိပြုမိကြသည်။ ကြီးမားသောစစ်ပွဲတွင် တွက်ခြေကိုက်သည်ဟု ရှုမြင်ကြပြီး ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှုနှင့် တန်ပြန်ဆောင်ရွက်မှုများတွင် ကမ္ဘာလုံးဆိုင်ရာ စိတ်ဝင်စားမှုကို ဆွဲဆောင်လျက်ရှိသည်။

အဆိုပါ ခဲယမ်းများကို ယူကရိန်းရှိ တိုက်ခိုက်ရေးအသီးသီးတွင် ရန်သူ၏လေကြောင်းရန်ကာကွယ်ရေး နှိမ်နင်းမှု၊ တန်ပြန်အမြောက်စစ်ဆင်ရေးနှင့်သံချပ်ကာယာဉ်များကို ပစ်မှတ်ထားခြင်းအပါအဝင် ယူကရိန်းနိုင်ငံရှိ တိုက်ခိုက်ရေးအမျိုးမျိုးအတွက် အသုံးပြုခဲ့သည်။ အဆိုပါအခန်းကဏ္ဍများတွင် ခဲယမ်းများ၏ ထိရောက်မှုသည် ၎င်းတို့၏ပစ္စည်းဖွဲ့စည်းမှု၊ အရွယ်အစား၊ မြန်နှုန်းနှင့်ရေဒါအချက်ပြမှုတို့ကြောင့် လွှမ်းမိုးထားသည်။ သို့ရာတွင် ပင်မတိုက်ပွဲဝင်တင့်ကားများကဲ့သို့သော သံချပ်ကာပစ်မှတ်များကို ဖျက်ဆီးရာတွင် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရသည်။

အထူးသဖြင့် ယူကရိန်းစစ်သည်များက အသုံးပြုသည့် FPV ဒရုန်းများသည် နိုင်ငံ၏ ဒရုန်းစစ်ဆင်ရေးစနစ်များတွင် အရေးပါသော သွင်ပြင်တစ်ခုဖြစ်သည်။ ဤဒရုန်းများသည် စစ်မြေပြင်တွင် နည်းဗျူဟာဆိုင်ရာ အားသာချက်များကိုပေးစွမ်းပြီး ခြေလျင်တပ်များဖွဲ့စည်းတည်ဆောက်မှုကို အားကောင်းစေသည်။ ယူကရိန်း၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေး ဝန်ကြီးဌာနသည် နိုင်ငံ၏ဒရုန်းပရိုဂရမ်ကို ကြီးကြပ်သည့် စရိတ်သက်သာသောဒရုန်းများကို အသုံးပြုကာ ပိုမိုဈေးကြီးသော ရန်သူ၏စနစ်များကိုဖျက်ဆီးရန် အာရုံစိုက်ထားသည်။ FPV ဒရုန်းများသည် ဘက်စုံသုံးဖြစ်ပြီး စစ်သည်တစ်ဦးချင်း၊ အမြောက်တပ်ဖွဲ့များနှင့်

> ❖ ရုရှားတပ်ဖွဲ့များက ယူကရိန်းတွင်တပ်စွဲထားစဉ် နောက်ထပ်အစီအမံများကို အကောင်အထည်ဖော်ခဲ့သည်။ ၎င်းအကောင်အထည်ဖော်မှုတွင် TOS-1A ယူနစ်များ၌ P-377UVM1L Lesochek ခေါ် ဖိဖျက်နှောင့်ယှက်စနစ် တပ်ဆင်ခြင်းပါဝင်သည်။ ဤအဆင့်မြင့်ဖိဖျက်မှုစနစ်သည် လေပေါ်ဝဲလက်နက်ခဲယမ်းများနှင့် တိုက်ရိုက်စောင့်ကြည့်တိုက်ခိုက်သည့် First-Person View (FPV) ခေါ် ဒရုန်းများ၏ခြိမ်းခြောက်မှုကိုတန်ပြန်ရန် အထူးဒီဇိုင်းထုတ်ထားသည်။ ဤနည်းပညာအဆင့်မြှင့်တင်မှုနှင့်အတူ TOS-1A ၏ ဒုံးပစ်လောင်ချာစနစ်တစ်ဝိုက်တွင် ဝိုင်ယာကြိုးအကာအရံများကို တပ်ဆင်ထားသည်။ ❖

ရေဒါစနစ်များအပါအဝင် ပစ်မှတ်များစွာကိုတိုက်ခိုက်နိုင်စွမ်းရှိသည်။

၎င်းတို့၏အားသာချက်များတွင် တွက်ခြေကိုက်မှု၊ အများအပြားထုတ်လုပ်မှုနှင့် ရွေ့လျားနေသောပစ်မှတ်များကို ခြေရာခံနိုင်မှုတို့ပါဝင်သည်။ ထို့ပြင် ၎င်းတို့ကို ပိုမိုမြင့်မားသော အမိန့်ပေးမှုအဆင့်များနှင့် ညှိနှိုင်းမှုမလိုအပ်ဘဲ တပ်ဖွဲ့ငယ်များက အလိုအလျောက် လုပ်ဆောင်နိုင်သည်။ FPV ဒရုန်းများသည် RPG-7 ကျည်များကို သယ်ဆောင်နိုင်မှုက တင့်ကားများကို ပျက်စီးစေခြင်း သို့မဟုတ် စစ်ဘက်ဆိုင်ရာ ပစ္စည်းအမျိုးမျိုးကို ဖျက်ဆီးနိုင်စေသည်။ သို့သော်လည်း ၎င်းတို့တွင် ထိန်းကျောင်းအသုံးပြုသူ လေ့ကျင့်ရေးစရိတ်ကြီးမြင့်မှု၊ လူကိုယ်တိုင်တပ်ဆင်လုပ်ဆောင်ရမှုကြောင့် ယုံကြည်စိတ်ချရမှုနည်းပါးပြီး အစိတ်အပိုင်း အရည်အသွေးကွဲပြားမှုအပါအဝင် ကန့်သတ်ချက်များလည်း ရှိသည်။

ယူကရိန်းသည် စစ်မြေပြင်တွင် FPV ဒရုန်းများ၏အခန်းကဏ္ဍ ကြီးထွားလာသည်နှင့်အမျှ ၎င်းတို့ကို အသုံးပြုမှုသိသိသာသာ တိုးမြှင့်လာခဲ့သည်။ ၎င်းတို့သည် Mavic ဒရုန်းများကဲ့သို့ အခြားဒရုန်းများထက် ဈေးသက်သာပြီး ထုတ်လုပ်ရန်ပိုမိုမြန်ဆန်သော်လည်း ၎င်းတို့၏ တိုက်ခိုက်ရေးထိရောက်မှုသည် မတူညီပေ။ ၎င်းဒရုန်းများသည် တင့်ကားများကဲ့သို့သော သံချပ်ကာယာဉ်များထက် တပ်ဖွဲ့ဝင်များ၊ အမြောက်တပ်နေရာများနှင့် အမြောက်ပစ်ခတ်သည့် တည်နေရာများအတွက် ပိုမိုသင့်လျော်သည်။FPV ဒရုန်းများသည် အီလက်ထရွန်နစ်စစ်ပွဲစနစ်များကို အတန်ငယ်ခံနိုင်ရည်ရှိပြီး ထိန်းချုပ်မှုနှင့် ဗီဒီယိုထုတ်လွှင့်မှုကြိမ်နှုန်းများကိုလည်း လိုက်လျောညီထွေဖြစ်စေသည်။

**ရုရှားတို့၏ အစီအစဉ်**

စစ်မြေပြင်တွင် ဆင့်ကဲပြောင်းလဲလာသော ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက် အထူးသဖြင့် ခဲယမ်းများနှင့် First-Person View (FPV) ဒရုန်းများကို တုံ့ပြန်သည့်အနေဖြင့် ရုရှားကြည်းတပ်သည် သံကူကွန်ကရစ်အမိုးအကာနှင့် ထပ်ပိုးသံချပ်ကာ တိုးမြှင့်ခြင်းများ လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့၏တိုက်ခိုက်ရေးယာဉ်များကိုကာကွယ်ရေး တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ သံကူကွန်ကရစ် အမိုးအကာသည် T-80BVM၊ T-72B3M နှင့် T-90M ကဲ့သို့သော ပင်မတိုက်ပွဲဝင်တင့်ကားများ၊ TOS-1A ရော့ကတ်လောင်ချာနှင့်ဆိုဗီယက်ခေတ် အခြား T-62 တင့်ကားများကဲ့သို့သော ရုရှားသံချပ်ကာယာဉ်များတွင် ထည့်သွင်းထားသည့် အကာအကွယ်ပုံစံတစ်မျိုးဖြစ်သည်။ ၂၀၂၀ ခုနှစ် နှောင်းပိုင်းတွင် စတင်ပေါ်ပေါက်လာခဲ့သည့် ဤသံကူကွန်ကရစ် အမိုးအကာများသည် ၂၀၂၀ ပြည့်နှစ် နာဂေါ်နို-ကာရာဘက်စစ်ပွဲကဲ့သို့ ပဋိပက္ခများတွင် ထိရောက်ကြောင်း သက်သေပြထားသည့် ခဲယမ်းများနှင့် ဒရုန်းများ၏ခြိမ်းခြောက်မှုကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည်။ ပဲ့ထိန်းဒုံးကျည်များ၏ တိုက်ခိုက်မှုကိုကာကွယ်ရန် ထိရောက်မှုကို အခြေအတင် ဆွေးနွေးနေကြသော်လည်း ဤအမိုးအကာများကို အပေါ်မှဒရုန်းများဖြင့် တိုက်ခိုက်ခြင်းကို ဆန့်ကျင်ကာကွယ်သည့် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကို သံကူကွန်ကရစ်များ သို့မဟုတ် ပြင်ညီစနစ်များဖြင့် ပြုလုပ်ထားသည်။

ဤအမိုးအကာများ၏ ဒီဇိုင်းသည် ပိုမိုပံ့ပိုးပေးသော ပြွန်များနှင့် ကျယ်ပြန့်သောအဆင့်မြင့်သတ္တုများ အပါအဝင် အချို့သောပုံစံများဖြင့် ကွဲပြားလျက်ရှိသည်။ ဤအမိုးအကာများအပြင် အချို့သောတင့်ကားများတွင် ပေါက်ကွဲမှုတုံ့ပြန်အကာအကွယ် (Explosive Reactive Armor -ERA) အလွှာများတပ်ဆင်ထားသည်။ ဤ ERA သည် တင့်ကား၏ကာကွယ်မှု သို့မဟုတ် ယာဉ်ကိုယ်ထည်ကိုမထိုးဖောက်မီ သံချပ်ကာကို ထိုးဖောက်ဝင်ရောက်လာသော လက်နက်များကို ခုခံကာကွယ်သည့် တန်ပြန်ပေါက်ကွဲမှုကို ဖန်တီးရန် ရည်ရွယ်သည်။ သို့သော်လည်း ဤသံကူကွန်ကရစ်အမိုးအကာနှင့် ERA ပေါင်းစပ်မှု၏ ထိရောက်မှုသည် ငြင်းခုံရမည့်ကိစ္စဖြစ်နေဆဲဖြစ်သည်။

ထို့ပြင် ရုရှားတိုက်ခိုက်ရေးယာဉ်တချို့ကို စက်ရုံမှ ထုတ်လုပ်သော ပုံဖျက်ဖုံးကွယ်ထားသည့် အရာများနှင့်အတူ ယာဉ်၏အပူဒဏ်ကို အနီအောက်ရောင်ခြည်အာရုံခံကိရိယာများမှ ဖုံးကွယ်နိုင်သည်ဟု ယုံကြည်ရသည်။ ဤဖွံ့ဖြိုးတိုးတက်မှုသည် တိုက်ခိုက်ရေးယာဉ်များအတွက် ပိုမိုပေါင်းစပ်ပြီး ခေတ်မီသော အကာအကွယ်စနစ်များသို့ ဦးတည်သွားသည်ကို ညွှန်ပြလျက်ရှိနေသည်။

TOS-1A သည် ရုရှားတပ်မတော်၏ အမြောက်စွမ်းရည်တွင် အရေးပါသောအနေအထား၌ရှိပြီး အထူးသဖြင့် ယူကရိန်းတွင် ဖြစ်ပွားနေသော ပဋိပက္ခများတွင် ဖြစ်သည်။ မီးခိုးငွေ့အများအပြားထုတ်သည့် စနစ်အနေဖြင့် ကျယ်ပြန့်သောဧရိယာတစ်ဝိုက်တွင် ကြီးမားသောပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်သည့် သာမိုဘာရစ်ဒုံးကျည်များကို ပေးပို့ရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ ဤအချက်က TOS-1A အနေဖြင့် ခိုင်ခံ့သောနေရာများ၊ ရန်သူတပ်ဖွဲ့များနှင့် အပေါ့စားသံချပ်ကာယာဉ်များအပါအဝင် ပစ်မှတ်များစွာကို ထိရောက်စွာတိုက်ဖျက်နိုင်စေသည်။ ၎င်း၏အခန်းကဏ္ဍသည် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုကိုဖြစ်စေရုံမျှမက စစ်မြေပြင်တွင် သိသာထင်ရှားသောစိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများလည်း ရှိသည်။ ၎င်း၏တပ်ဖြန့်မှုမှ ထွက်ပေါ်လာသောအကြောက်တရားနှင့် စိတ်ဓာတ်ကျဆင်းမှုသည် ဆန့်ကျင်ဘက်အင်အားစုများ၏ စိတ်ဓာတ်နှင့် တိုက်ခိုက်ရေးထိရောက်မှုကို လွှမ်းမိုးနိုင်သည်။

၎င်း၏ မဟာဗျူဟာတန်ဖိုးအရ TOS-1A ကို ကာကွယ်ခြင်းသည် ရုရှားတပ်ဖွဲ့များအတွက်ဦးစားပေးတစ်ခုဖြစ်လာသည်။ ရန်သူမျဉ်းများကို နှောင့်ယှက်ခြင်းနှင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများကိုပြုလုပ်ရာတွင် စနစ်၏ထိရောက်မှုသည် ၎င်းကိုဆန့်ကျင်သော တပ်ဖွဲ့များ၏ တန်ပြန်ဆောင်ရွက်မှုများအတွက် အဓိကပစ်မှတ်တစ်ခုဖြစ်သည်။ တုံ့ပြန်သည့်အနေဖြင့် ရုရှားသည် တင့်ဖျက်ဒုံးကျည်များနှင့် ဒရုန်းတိုက်ခိုက်မှုများကဲ့သို့သော အလားအလာရှိသောခြိမ်းခြောက်မှုများမှ ကာကွယ်ရန်အတွက် သံကူကွန်ကရစ်အမိုးအကာများနှင့် အခြားသောသံချပ်ကာများကို အသုံးပြုခြင်းကဲ့သို့ အမျိုးမျိုးသောကာကွယ်ရေးဗျူဟာများကို အကောင်အထည်ဖော်ခဲ့သည်။ ဤအကာအကွယ်အစီအမံများသည် အမာထည်ပစ္စည်းကို အကာအကွယ်ပေးရုံသာမက ၎င်းတို့သည် စစ်မြေပြင်တွင် TOS-1A ၏ စစ်ဆင်ရေးစွမ်းရည်နှင့် ထိရောက်မှုကို ထိန်းသိမ်းရန်အတွက် မရှိမဖြစ်လိုအပ်သည်။

ခြုံ၍ဆိုရလျှင် ရုရှားတပ်မတော်သည် ကမ္ဘာ့ခေတ်မီထိပ်တန်းတပ်မတော်တစ်ခုဖြစ်သကဲ့သို့ နည်းပညာမြင့်မားသည့် စစ်လက်နက်ပစ္စည်းများကိုတပ်ဆင်ထားသည်။ ထိုကဲ့သို့သောအခြေအနေဖြင့် ယူကရိန်းနိုင်ငံ၌ စစ်ဆင်ရေးဆောင်ရွက်စဉ် ဒရုန်းများ၏အန္တရာယ်ကို မျှော်မှန်းမထားသည့်အခြေအနေထိ ရင်ဆိုင်ခဲ့ရသည်ကို တွေ့ရှိရသည်။ ထိုအခြေအနေများကို ထိရောက်စွာ ကာကွယ်တားဆီးရေးသည် အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သောကြောင့် ၎င်း၏ TOS-1A စနစ်များကို ကာကွယ်ရေးအတွက် နည်းပညာနှင့်နည်းစနစ်နှစ်ခုကို ပေါင်းစပ်အသုံးပြုခဲ့သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ၎င်းယာဉ်များကို ကာကွယ်ရေးဆောင်ရွက်ထားသည့် သံကူကွန်ကရစ်အမိုးအကာစနစ်နှင့် P-377UVM1L Lesochek ဖိဖျက်နှောင့်ယှက်စနစ်၏ ထိရောက်မှုများကို သိရှိနိုင်ရန် မျှော်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **Russian Forces Ramp Up TOS-1A Defenses in Ukraine with Advanced Jamming Tech and Enhanced Armor, Armyrecognition.com.**

**နေရှား(သုတေသန)**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses Passing-out Parade of the 10th Intake of Graduate Female Cadet Course



Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses Passing-out Parade of the 10th Intake of Graduate Female Cadet Course.

**Nay Pyi Taw December 22**

In order to reinforce the role of servicewomen of the Tatmadaw the Passing-out Parade of the 10th Intake of Graduate Female Cadet Course was held at the parade ground of Myanmar Army Officer Training School-OTS (Hmawby) in Yangon this morning, addressed by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Zeya Kyawhtin Sithu Moe Aung and wife, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung and wife, senior military officers from Office of Commander-in-Chief and wives, union level officials and wives, the Yangon Region chief minister, the Yangon Command commander, the commandant of OTS (Hmawby) and officials.

First, the Senior General took the salute of the cadet company and inspected it. Then the cadet company saluted the Senior General with slow-march past and quick-march past.

Afterwards, the Senior General presented the Best Cadet Award to Cadet Yu Yu Naing.

In his address, the Senior General said the **Graduate Female Cadet Course was opened with the aim of turning out female military officers to enable servicewomen to take part in the national defence duty.** As women represent over half the population of the country, they should partake in national development and defence duties with patriotism. Hence, women are being trained to participate in building the power of national defence, to serve in the Tatmadaw and to enhance their role.

The Tatmadaw has been the force to be reckoned with in all the successive periods and its history is indivisible with that of the country. The Tatmadaw was set up during the independence struggle and has the fine tradition of safeguarding the country's independence. Hence it is important to know its prestigious historical tradition.

The Tatmadaw born during the independence struggle joined hands with and led the people during the struggles from anti-colonialist and anti-fascist battles to the struggles to regain independence. During the post-independence period the Tatmadaw, together with the successive governments, served the national duty to ensure the perpetuation of national sovereignty, enforcement of rule of law, or in other words played the main role in shouldering the historic duties.

In times of emergency, Tatmadaw is always dutiful in protecting the country and serving the national political tasks. Hence they must seriously conduct studies to have the knowledge about the Tatmadaw's history and fine traditions and to protect them at the risk of their lives.

**History of Tatmadaw has recorded some of the brilliant performances of female troops that began during the struggle to restore independence.** The role of women was important in the successive periods. There were many heroines who stood shoulder to shoulder with male counterparts in the independence struggle during the colonial era.

The current age also sees the emergence of a large number of brilliant women who are honourable and reliable as examples in social and economic fields and areas of knowledge, technology and art. They must serve their duties well based on military science and the art of leadership disseminated by the course and practical experience given by field training.

Every single military personnel is the person who voluntarily joined the Tatmadaw, propelled by their personal commitment to safeguard the Nation, devoid of any coercion or external influence. In the assorted training offered by the Tatmadaw, comrades eagerly embark on the journey to becoming commendable servicewomen, driven by their own resolute decisions. Amidst the challenges that unfold in service, it becomes paramount to embody the indomitable spirit of a resilient soldier.

Furthermore, I would like to implore that comrades will have to live in a manner without impeding the aspirations and goals of individuals within the service, whilst actively striving to become commendable servicewomen. At the core of the Tatmadaw's mission lies the paramount duty of ensuring the security and defence of our Nation, safeguarding the lives and property of all citizens. As part of an effort to bolster the defence sector, the Tatmadaw aspires to emerge as the modern and patriotic armed forces, distinguished by heightened combat power and capability optimized for conventional warfare. Training is essential for every armed force to have prowess and it is necessary to craft the armed forces into the preeminent Tatmadaw, well-versed in the combat power and capability.

In the ongoing process, all Tatmadaw members are committed to recurring training, dedicated to sustaining physical fitness, sharpening tactical skills, and fostering a high level of education. In an era marked by the evolution of cutting-edge military science, munitions, and technology leap, it becomes imperative to elevate the calibre of training to keep pace with international criteria. Perennial training is not solely dedicated to mastering the adept use of technologically sophisticated weaponry and equipment but also to ensuring the maintenance of physical well-being, indispensable for effective engagement on genuine battlefields against adversaries.

As the behaviors of every military individual significantly reflect upon the Tatmadaw's prestige, it becomes imperative for each comrade to exemplify military discipline. An organization can see the erosion of disciplinary measures and ethical standards if it leads to detrimental impacts. Therefore, our military personnel have to abide by issued orders, directives, rules, and regulations, whilst faithfully executing the duties for the Nation and the Tatmadaw, exemplifying the commendable soldiers.



Senior General Min Aung Hlaing meets outstanding graduate female cadets.

In the life of junior officers, they strictly follow the orders of superiors as a nurture of good leader and good follower. Good follower in the life of subordinate is a first step for a good leader of the future. A leader must execute tasks embodying the hallmark characteristics of leadership: initiative and innovation; adept command and control; in-depth knowledge and a thirst for learning; moral integrity; high morale; loyalty; wholesomeness of three capabilities; and exemplary discipline. **See Page 13**

# Graduation dinner of 10th Intake of Graduate Female Cadet Course of Defence Services (Army) Officers Training School (Hmawby) held



Senior General Min Aung Hlaing greets graduate female cadets attending the graduation dinner.

**Nay Pyi Taw December 22**

The graduation dinner of the 10th Intake of Graduate Female Cadet Course of Defence Services (Army) Officers Training School (Hmawby) was held at the Union Hall of the Defence Services (Army) Officers Training School (Hmawby) in Yangon this evening and Chairman of the State Administration Council Commander-in-Chief of Defence Services Senior Min Aung Hlaing attended the dinner.

Also present at the dinner with the Senior General were wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, union level officials and their wives, senior officers from the office of the Commander-in-Chief of Defence Services and their wives, the chief minister of Yangon Region, the commander of Yangon Command, the commandant of the officer training school, senior officers from Yangon Station and invited guests.

First, the Senior General greeted the graduating officers individually. Then, the Senior General and party enjoyed the dinner together with the graduating officers and attendees.

Then, the Senior General and party enjoyed the honorary entertainment of the military band of Defence Services (Army) Officers Training School (Hmawby) and presented the cash awards.

After the dinner, the Senior General and party enjoyed music of the Myawady Band under the Directorate of Public Relations and Psychological Warfare at Myawady Thabin Hall together with graduate officers.

100



The graduation dinner in progress.

**From Page 12**

Complying with the Four Righteous Awareness: only "Going to the right place"; "Having a right companion"; "Doing the right job"; and "Speaking the right words", comrades must cultivate personal development and living to become exemplars of moral integrity throughout their lives. Therefore, I would like to remind the commitment of comrades dedicating themselves to fulfilling the assigned duties diligently for evolving into a good leaders, embodying the indispensable virtues intrinsic to leadership.

Comrades, on the brink of assuming roles as young commission officers within the Tatmadaw (Army, Navy and Air), shall imminently embark upon their designated duties. The extensive training imperative for burgeoning leaders, spanning basic military skills, leadership development, and command and control, has been imparted to comrades through a comprehensive blend of theoretical insight and pragmatic exercise. At the regiment, unit and headquarters where comrades are poised to serve, a structured daily administrative regimen prevails. It is imperative to meticulously carry out the duties of the General Staff, Adjutant Staff, and Quartermaster Staff in strict adherence to the prescribed Staff Duty protocol.

As Tatmadaw is born of the people as a people's Tatmadaw, they have to join hands with the people with utmost efforts in overcoming any difficulties and challenges to become a reliable Tatmadaw of the people. Responding to historical imperatives, the Tatmadaw has remained an enduring presence at the forefront of the country's national politics to date. The national politics is concern for the whole nation to bring about peace and tranquility, prosperity, fair and justice, and well-being of the people.

As a custodian of our Nation's defence and national political imperatives, our Tatmadaw remains steadfast, irrespective of governmental forms and political structures, committed to embracing the national policy, which encompasses safeguarding Our Three Main National Causes and the Nation's Constitution and ensuring the lives and property of the people without reservation.

To continue to keep going on the good practice and noble traditions of the Tatmadaw with patriotism and noble spirit of loving the country, to continue to uphold the noble traditions of the Tatmadaw, which are parallel in the history, to make efforts to become good female military personnel living and working without affecting the goals and expectations, to train continuously to keep themselves physically and mentally fit to be able to discharge the duties assigned, to act according to the characteristics of leadership and always strive for the good of yourself and your fellow soldiers, to train to able to preserve and safeguard sovereignty of the State by always paying attention to Our Three Main National Causes, and to always work hard to become good women officers who can be relied on by the State and the Tatmadaw.

After that, the Senior General left the military parade after receiving the salute from the graduating cadet columns.

After the military parade, the Chairman of State Administration Council Commander-in-Chief of Defence Services, met and congratulated Cadet Yu Yu Naing who won the best cadet award, Cadet Kyi Baho Seint, who won the best shooting award, Cadet Shwe Yay Win who won the best award for military parade, and Cadet Shwe Wut Hmon Oo, who won the best fitness award, at the reception hall of the Headquarters of Defence Services (Army) Officers Training School (Hmawbi).

In his congratulatory speech, he said that he was as proud as his parents of such outstanding awards of the cadets. The outstanding cadets need to maintain the good foundations of their hard work with perseverance and diligence and effort during the training course period throughout their life. As graduated female cadets have studied and completed university education and post-graduate education, they have studied philosophy and lifestyle and already have skills and experience. At the basic education level, the focus is on teaching while the focus is on studying at university, the higher education level. They have made efforts to pass matriculation and successfully complete university and post-graduate studies, and now they have attended the officer training course, achieved outstanding success and become female officers due to the results of their efforts.

Moreover, they must not forget the gratitude of their parents who have fed and cared for them since childhood, and the best way to repay the gratitude is to listen to their parents. They must steer the path of their own life with the ability to deliberate themselves. They need to make efforts to become good military officers whose parents are proud of and who can be relied on by the State and the Tatmadaw. They are to continue to work hard throughout their life by maintaining social experience gained from the university and good basics taught and trained by the officers training school to improve their life without losing their goals. The cadets must strive to become the people who can contribute to the good of the country in any field.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win attends opening ceremony of Inter-Education Degree College Sports Competition for 2023-2024 academic year





Vice-Senior General Soe Win watches skills demonstration.

**Nay Pyi Taw December 22**

The opening ceremony of the Higher Education Department of the Ministry of Education's Inter-Education Degree College Sports Competition for the 2023-2024 academic year was held this afternoon at Wunna Theikdhi Stadium (A) in Nay Pyi Taw with an address by Chairman of the Education, Health and Human Resource Development Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the ceremony SAC members, Union level persons, Union ministers, senior military officers, deputy ministers, permanent secretaries, directors general and officials, rectors, principals from various education degree colleges, sports team leaders, managers, coaches and sports athletes.

In his speech, the Vice-Senior Geneal said that sport is a kind of taken show the reflects the health and fitness, great diligence, unity, cooperation and discipline of a nation or a race. The first benefit of doing sports is personal health and fitness. Through the habit of playing with the team, unity among themselves, in other words, achieves a collective spirit. And through this, nationalistic spirit will flourish more, thereby bringing national dignity and pride.

Today's youth, who will lead the country in the future, need to be equipped with five strengths. "In accordance with the motto "Multi-Vocational Education", it is necessary to bring forth students who are healthy, strong and academically excellent.

It is physical sports that can effectively support high education and fitness. Youth and sports, youth and education and youth and sports and education are inseparable. Therefore, the SAC upgraded the Ministry of Sports to the Ministry of Sports and Youth Affairs.

This education degree college level competition will include football (male), volleyball (male) (female), speak takraw (male) and track & filed. The inter-education degree college sports competition has been held at the central level in Nay Pyi Taw since last year. Through intramural sports competitions of various education degree colleges in upper and lower Myanmar zones, they competed step by step and then reached the central level.

What is special about this year is that instead of team selection at the zone level, selections were made from all the students who competed at the zone level and competed at the central level.

By holding degree college level, zone level and central-level sports events, students interact with each other developing affection and harmony in addition to gaining regional knowledge, they will also emerge as teachers of basic education who excel in sports. In other words, we will be able to produce multi-talented teachers who rely on education and sports skills for basic education.

As a result of these university/college-level sports competitions, we have seen the emergence of outstanding athletes from the country's prestigious universities and colleges in all ages. In the post-war Yangon University football team's elites, College Gin Nay Win, Tun Kyi, Aung Khin, Kenneth Shein, Tin Maung, Soe Myint, Saw Oo, Maung Pyone, Maung Maung, Ngwe Gaing, John Tint, Benny Tin Aung, Khin Maung Win and Khin Maung Zaw were famous players who played in the adult national team. Goalkeeper Jason was chosen as the Myanmar national team by the Yangon University national team. In 1966, the Asian Games were held in Thailand. It was held in Bangkok that the Myanmar national football team won the gold medal by defeating the Iranian team in the final. Kyaw Han, Aye Tun, San San Pe and Phyu Phyu Zaw participated in volleyball and Nyan Min in basketball in international competitions as Myanmar national teams.

Tin Maung Ni, who won two gold medals at the 1962 Asian Games, and Nanda Kyaw Swa, who won three gold medals at the Yangon Peninsula Games in 1969, were university swimming athletes who won many medals. In badminton from Maung Hla, Kyaw Tun and Myint Myint Khin (Mandalay) to Mya Lay Sein are Myanmar national team badminton players from universities. Therefore, I would like to encourage them to work hard as we believe that the country's elite athletes will emerge from multi-sport competitions of such universities and education colleges.



Vice-Senior General Soe Win greets competing teams, managers and coaches.

Sports is a competition that utilizes physical strength and intellectual strength, so it creates a strong spirit of never losing. Besides, it is not just a matter of winning and losing, but fair play by participating in competitions with a clean and correct method and full of sportsmanship. And that will bring about good habits such as justice, mental strength and mutual respect.

Moreover, as sports rest on six basic factors such a fitness, strength, speed, skills, endurance and team spirit, such qualities must always be improved further and further. As achievement in the sport field reflects the development of the country, athletes are urged to make relentless efforts to be ones who improve the image of the country and race with the aim of being ones who can repay the gratitude of the country and race.

In improving the image of education degree colleges and the country with the efforts of student athletes, students are required to be athletes who are recognized as ones who play fairly according to the rules out of the spirit of "Dive until you reach the sand, climb until you reach the top" and "Never lower the flag even when you are alone on the boat."

Youth athletes are urged to compete out of mutual respect, friendship, helpfulness and camaraderie. All of you are urged to take part in sport training and competitions out of openness, endurance, forgiveness, patience, awareness and efforts.

In conclusion, the Vice-Senior General said it is hoped that you all are athletes who can bring many honorary medals to your respective education degree colleges, that the education degree colleges can continue to stand as prestigious ones and that future teachers can try to improve themselves to be all-round outstanding ones and opened the Inter-education colleges sport competitions 2023-2024.

Then, youth athletes from education degree colleges relayed and raised the commemorative flag of the sports competition and made the sport pledges.

Then, the Vice-Senior General and party cordially greeted the competing teams, managers, instructors, coaches and athletes of the competitions.

Afterward, the Vice-Senior General and party, together with attendees, enjoyed the fitness dances, demonstration of Myanmar traditional martial arts, shawl dances, Myanmar Chinlone demonstration and aerobic demonstration of students from Meiktila, Hlegu and Taungoo education colleges.

The sport competition is being held at the Wunnatheikdi Stadium in Nay Pyi Taw from 22 to 26 December and a total of 800 students from education colleges are participating in the event. 100

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တာဝေးပျံသန်းနိုင်သော ကုန်တင်ဒရုန်းတစ်စင်းထုတ်လုပ်ရန် SILENT ARROW ကုမ္ပဏီက အမေရိကန်လေတပ်နှင့် စာချုပ်ချုပ်ဆို




ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Silent Arrow ကုမ္ပဏီသည် အမေရိကန်လေတပ်၏ ဆန်းသစ်တီထွင်မှု AFWERX ဌာနအတွက် တာဝေးပျံသန်းနိုင်သော ကုန်တင်ဒရုန်းတစ်စင်းကို တီထွင်ထုတ်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသဘောတူညီချက်တွင် Silent Arrow ကုမ္ပဏီ၏ တစ်ဦးတည်းပိုင် ထောက်ပံ့ပို့ဆောင်ရေးစနစ် 300 Nautical Miles (CLS-300) ဒရုန်းစနစ် CLS-300 ကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အမေရိကန်လေတပ်တွင် အခက်ခဲဆုံး စိန်ခေါ်မှုများထဲမှတစ်ခုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် မျှော်မှန်းထားသည်။

CLS-300 ဒရုန်းသည် Silent Arrow ကုမ္ပဏီ၏ GD-2000 အကြီးစား သယ်ယူပို့ဆောင်ရေး၊ ပြန်လည်ဖြည့်တင်းရေးနှင့်ကယ်ဆယ်ရေး Glider ဒရုန်း၏ အရွယ်အစား တိုးမြှင့်ထုတ်လုပ်ထားသော ဒရုန်း မျိုးကွဲတစ်ခုဖြစ်သည်။

GD-2000 Glider ဒရုန်းသည် အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်ပြီး အကွာအဝေး ၆၅ ကီလိုမီတာ၊ မိုင် ၄၀ တွင် ဝန်တင်ဆောင်နိုင်စွမ်း ပေါင် ၁၅၀၀ (ကီလိုဂရမ် ၆၈၀) ထိ သယ်ဆောင်ပျံသန်းနိုင်စွမ်းရှိသည်။ အသုံးပြုသူများအနေဖြင့် C-17 Globemaster III၊ C-130 Hercules နှင့် A400M Atlas ကဲ့သို့သော သယ်ယူပို့ဆောင်ရေး အကြီးစားလေယာဉ်များဖြင့် GD-2000 ဒရုန်းတင်ဆောင်၍ တပ်ဖြန့်နေရာချထားနိုင်သည်။

အဆိုပါ GD-2000 Glider ဒရုန်းနှင့် နှိုင်းယှဉ်ပါက CLS-300 ဒရုန်းသည် ကုန်ကျစရိတ်သက်သာသော ပန်ကာစနစ်နှင့် အင်ဂျင်တို့ဖြင့် ပျံသန်းမှုခရီးအကွာအဝေးကို ၁၀ ဆထိ တိုးမြှင့်ထားသည်။ လေကြောင်းမှ သယ်ယူပို့ဆောင်တပ်ဖြန့်နိုင်ပြီး CLS-300 ဒရုန်းသည်ရေတပ်သင်္ဘောများနှင့် လမ်းကြမ်းမြေများမှ ဆင်းသက်ပျံသန်း နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤအာရုံစိုက်လုပ်ဆောင်ရမည့် စီမံကိန်းမျိုးကို ယုံကြည်စိတ်ချစွာတာဝန်ပေးစေခိုင်းခဲ့သည့်အတွက် အမေရိကန်လေတပ်၊ AFWERXXme၊ လေတပ်သုတေသနဓာတ်ခွဲခန်း၊ ဝယ်ယူသူများနှင့် အသုံးပြုသူအဖွဲ့အစည်းများကို ကျေးဇူးတင်ရှိကြောင်း Silent Arrow ကုမ္ပဏီ CEO နှင့် တည်ထောင်သူ Chip Yates က ပြောကြားသည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် တွန်းကန်အားစမ်းသပ်မှုများကို အချိန်တိုအတွင်း အပြီးသတ်နိုင်မှသာ ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်တွင် ပျံသန်းစမ်းသပ်မှုများ ပြုလုပ်နိုင်လိမ့်မည်ဖြစ်သည်။ သို့မှသာ အရေးပါသောစွမ်းရည်ကို တိုက်ပွဲဝင်နေသည့် တပ်ဖွဲ့ဝင်များ၊ အကူအညီလိုအပ်နေသူများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် လူသားချင်းစာနာထောက်ထားမှု၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့များထံ မြန်မြန်ဆန်ဆန် ပံ့ပိုးကူညီပေးနိုင်လိမ့်မည်ဖြစ်သည်ဟု Chip Yates က ထည့်သွင်းပြောကြားခဲ့သည်။

**Silent Arrow to Produce Long-Range Cargo Drone for US Air Force ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးတပ်ဖွဲ့ဝင်များက လျှို့ဝှက်ဆန်းကြယ်သော ဒရုန်းသစ်တစ်မျိုးကို အသုံးပြုလျက်ရှိ

အစ္စရေးတပ်ဖွဲ့ဝင်များက နောက်ဆုံးပေါ် လျှို့ဝှက်ဆန်းကြယ်သော ဒရုန်းသစ်တစ်မျိုးကို အသုံးပြုလျက်ရှိကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကာကွယ်ရေးနှင့်လေကြောင်းဆိုင်ရာ သတင်းစာဆရာ Babak Taghvaee က အစ္စရေးတပ်ဖွဲ့ဝင်များသည် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းအကြမ်းဖက်သမားများကို ရှာဖွေထောက်လှမ်းတိုက်ခိုက်ရန် Maoz(Spike Firefly) Kamikaze ဒရုန်းသစ်များ အသုံးပြုခဲ့ကြသည်ဟု ရေးသားဖော်ပြထားသည်။

Loitering Munition အမျိုးအစား Maoz(Spike Firefly) Kamikaze ဒရုန်းသည် ရဟတ်ယာဉ်ပုံစံဒီဇိုင်းထုတ်လုပ်ထားသည့် ဒရုန်းငယ်တစ်စင်းဖြစ်ပြီး Co-axialcounter Rotating ပန်ကာနှစ်စုံ တပ်ဆင်ထားသည်။ အလေးချိန် သုံးကီလိုဂရမ်မျှသာရှိကာ ပေါ့ပါးပြီးစွယ်စုံသုံးနိုင်သည့် ဒရုန်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

ခဲယမ်းပိုင်းတွင် Electro-Optical စောင့်ကြည့်ထောက်လှမ်းရေးစနစ်၊ အပူငွေ့ရှာ ပုံရိပ်ဖော်စနစ်တို့နှင့်အတူ အလေးချိန် ဂရမ် ၃၅၀ ရှိ Fragmentation သို့မဟုတ် Shaped Charge ထိပ်ဖူးများ တပ်ဆင်အသုံးပြုထားသည်။ ၎င်း၏ပျံသန်းမှုခံနိုင်ရည်သည် ဘက်ထရီပက်တစ်ခု သို့မဟုတ် နှစ်ခုဖွဲ့စည်းပုံပေါ်မူတည်၍ ၁၅ မိနစ်မှ မိနစ် ၃၀ အတွင်း ပျံသန်းနိုင်စွမ်းရှိမည်ဖြစ်သည်။

တပ်ဖြန့်အသုံးပြုမှုကို အတည်ပြုနိုင်ခဲ့ပြီး အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF) သည် "Moaz" Loitering Munition ကို ပထမဆုံးအကြိမ် စစ်ဆင်ရေးတွင် တပ်ဖြန့်အသုံးပြုမှုအပေါ် အသိအမှတ်ပြုထုတ်ဖော်ပြောကြားခဲ့သည်။ ဂါဇာကမ်းမြောင်ရှိ အကြမ်းဖက်သမားများကို ရှာဖွေရန်နှင့် တိုက်ခိုက်ချေမှုန်းရန် ဒရုန်းကို အစ္စရေးစစ်ဘက်က အသုံးပြုလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါဒရုန်းသည် ကျစ်လျစ်ပေါ့ပါးသော အကြမ်းခံလေယာဉ်ကိုယ်ထည်ဖြင့် ကျောပိုးအိတ်ထဲသို့ အလွယ်တကူ သယ်ဆောင်သွားနိုင်ခြင်း၊ တီထွင်ဆန်းသစ်သော ဒီဇိုင်း၊ တပ်ဖွဲ့ဝင်များ အလွယ်တကူဖြုတ်၊ တပ် တိုက်ပွဲဝင်နိုင်ခြင်း၊ Payload၊ ဘက်ထရီတို့ကို လိုသလိုတပ်ဆင်အသုံးပြုနိုင်ခြင်း၊ Electro-Optical ဖြင့် လမ်းညွှန်ထိန်းကျောင်း၍ IR/CMOS + Proximity Sensor အာရုံခံစနစ်နှစ်မျိုး တပ်ဆင်အသုံးပြုထားခြင်း၊ တိုက်ပွဲဝင်လုပ်ဆောင်မှုနည်းလမ်းတွင် အလိုအလျောက် (Fly-by Waypoints)နှင့် အော်ပရေတာ ထိန်းကျောင်း၍ Fly-by Video ဖြင့် လွင်ပြင်(ကွင်းပြင်၊ စစ်မြေပြင်)တွင် မီတာ ၁၀၀၀၊ မြို့ပြဧရိယာတွင် မီတာ ၅၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။



အဆိုပါ Maoz(Spike Firefly) Kamikaze ဒရုန်းကို FIREFLYTM လက်နက်စနစ်ဟူ၍လည်း အစ္စရေးနိုင်ငံက ခေါ်ဝေါ်သုံးစွဲလေ့ရှိပြီး အစ္စရေးနိုင်ငံ Rafael အဆင့်မြင့် ကာကွယ်ရေးကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။

FIREFLYTM သည် ခြေလျင်တပ်ဖွဲ့၊ မရိန်းတပ်ဖွဲ့ သို့မဟုတ် အထူးတပ်ဖွဲ့များကဲ့သို့ လှုပ်ရှားစစ်ကစားမှု ကောင်းမွန်ရန်လိုအပ်သော တပ်ဖွဲ့များအတွက် ပေါ့ပေါ့ပါးပါး ထိန်းကျောင်းတိုက်ပွဲဝင်နိုင်စေရန် ဒီဇိုင်းထုတ်ထားသော ဆန်းသစ်၊ သေးငယ်သည့် Electro-Optical လမ်းညွှန်စနစ်သုံး တိုက်ခိုက်ရေး ဒရုန်းလက်နက်စနစ်ပင်ဖြစ်သည်။

FIREFLYTM တွင် Loitering Munitions တိုက်ခိုက်ရေး ဒရုန်း သုံးစင်း၊ စစ်ဘက်သုံးစံနှုန်း Bidirectional Data Link နှင့်အတူ အကြမ်းခံ တက်ဘလက်တစ်ခုဖြင့် ထိန်းချုပ်ရေး ယူနစ်တစ်ခုတို့ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

**Israeli troops use new mystery drone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**စာမျက်နှာ ၁၇မှအဆက်**

အကျင့်စာရိတ္တကောင်းခြင်း၊ စိတ်ဓာတ်ကောင်းခြင်း၊သစ္စာရှိခြင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံခြင်း၊ စည်းကမ်းအရာတွင်စံနမူနာပြုဖြစ်ခြင်းစသည့် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**"သွားသင့်သည့်နေရာကိုသာ သွားရန်၊ ပေါင်းသင့်သည့် သူကိုသာပေါင်းရန်၊ လုပ်သင့်သည့် အလုပ်ကိုသာ လုပ်ရန်နှင့် ပြောသင့် သည်ကိုသာပြောရန်"** ဟူသည့် သင့် လေးသင့်ကို လိုက်နာကျင့်သုံးပြီး ဘဝတစ်လျှောက် ကိုယ်ကျင့်တရားကောင်းသည့် အရာရှိများဖြစ်အောင် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရန် ကျရာတာဝန်များ၌ ကျေပွန်စွာထမ်းဆောင်ပြီး ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်ပြည့်စုံအောင် ကြိုးစားအားထုတ်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

မကြာခင်တွင် ပြန်တမ်းဝင်အရာရှိငယ်များအဖြစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့အသီးသီးတွင် ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရတော့မည်ဖြစ်ပြီး ခေါင်းဆောင်ငယ်များ တတ်မြောက်ကျွမ်းကျင်ရမည့် အခြေခံစစ်ပညာများ၊ ခေါင်းဆောင်မှုနှင့် ကွပ်ကဲမှုပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်ရမည့် တပ်ရင်း၊ တပ်ဖွဲ့နှင့် ဌာနချုပ်များတွင် နေ့စဉ်လုပ်ဆောင်နေကြရသည့် အုပ်ချုပ်မှုလုပ်ငန်းတာဝန်များရှိပြီး ယင်းတာဝန်များကို ထမ်းဆောင်ရာတွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာရုံးလုပ်ငန်းများကို ဦးစီးတာဝန်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**တပ်မတော်သည် ပြည်သူကပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သောကြောင့် မည်သည့်အခက်အခဲ၊ အတားအဆီးမျိုးကိုမဆို ပြည်သူနှင့်လက်တွဲပြီး တွန်းလှန်ကျော်ဖြတ်ကြရမည်ဖြစ်သကဲ့သို့ ပြည်သူကအားကိုးရသည့် တပ်မတော်ဖြစ်အောင်လည်းအမြဲကြိုးပမ်း ဆောင်ရွက်နေရမည်ဖြစ်**ကြောင်း၊ တပ်မတော်အနေဖြင့် သမိုင်းကြောင်းလိုအပ်ချက်အရ ယနေ့အချိန်ထိ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တစိုက်မတ်မတ်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ **"အမျိုးသားနိုင်ငံရေး"** ဟူသည်မှာ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အေးချမ်းသာယာခြင်း၊ စည်ပင်ဝပြောခြင်း၊ တရားမျှတလွတ်လပ်ခြင်းနှင့် ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းစသည့် လောကီကောင်းကျိုးသုခအဖြာဖြာကို ဖော်ဆောင်ပေးသည့် လုပ်ငန်းများဖြစ်သည်ကို ပြောကြားလိုကြောင်း။

**တပ်မတော်သည်နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေးစနစ်နှင့်သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့်ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း။

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကိုအရင်းခံပြီး မွန်မြတ်သည့်စိတ်များနှင့် တပ်မတော်၏ ကောင်းမြတ်သည့် အလေ့အကျင့်၊ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်မှာကြားလိုကြောင်း၊ သမိုင်းကြောင်းနှင့် ယှဉ်တွဲလျက်ရှိသည့်တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်၊ မိမိတို့၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်လုပ်ကိုင်ပြီး အမျိုးသမီးစစ်မှုထမ်းကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ အမြဲကျန်းမာကြံ့ခိုင်နေအောင် စဉ်ဆက်မပြတ် လေ့ကျင့်သွားကြရန်၊ ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး မိမိကိုယ်တိုင်နှင့် မိမိရဲဘော်ရဲဘက်များကောင်းကျိုးအတွက် အမြဲရှေးရှုလုပ်ကိုင်သွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သည့် သူများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့် အမျိုးသမီး အရာရှိကောင်းများဖြစ်လာရေး အမြဲကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းဌာနချုပ်ညွှန်ကြားခန်းမ၌ ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ယုယုနိုင်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းကြည်ဇဟိုစိမ့်၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်းရွှေရည်ဝင်းနှင့်ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်းရွှေဝတ်မှုန်ဦးတို့ကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာ စကားပြောကြားသည်။

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် ကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများအနေဖြင့် ဗိုလ်လောင်းသင်တန်းမတက်ရောက်မီ တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာတို့ကို အသီးသီးဆည်းပူးလေ့လာခဲ့ကြပြီးဖြစ်သဖြင့် အတွေးအခေါ်ပိုင်းနှင့် လူနေမှုပုံစံများကို လေ့လာခဲ့ကြရပြီး အရည်အချင်းနှင့် အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ အခြေခံပညာအဆင့်၌ ပို့ချသင်ကြားခြင်း (Teaching)ကို အဓိကထားဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့်တက္ကသိုလ်၌ သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြားခြင်း (Studying)ကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ရန်နှင့် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကို အောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခုဗိုလ်လောင်း သင်တန်းတက်ရောက်ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်များကြောင့် ထူးချွန်စွာအောင်မြင်ပြီး အမျိုးသမီးအရာရှိများ အဖြစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း။

ထို့ပြင်ငယ်စဉ်ကလေးဘဝမှ ယခုအချိန်ထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းပေးခဲ့သည့် မိဘများ၏ကျေးဇူးကို မမေ့ရန်နှင့် အကောင်းဆုံးကျေးဇူးဆပ်ခြင်းသည် မိဘများ၏စကားကို နားထောင်ခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို ချင့်ချိန်နိုင်စွမ်းဖြင့် မိမိဘဝလမ်းကို တည့်မတ်ထိန်းကျောင်းသွားရမည်ဖြစ်ကြောင်း၊ မိသားစုက ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် တပ်မတော်အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ တက္ကသိုလ်ကရရှိလာသည့် လူမှုဆက်ဆံရေး အတွေ့အကြုံများ၊ ဗိုလ်သင်တန်းကျောင်းက သင်ကြားလေ့ကျင့်ပေးလိုက်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစားအားထုတ်သွားရမည် ဖြစ်ကြောင်းနှင့် မည်သည့်နယ်ပယ်တွင်မဆို တိုင်းပြည်ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ပဲနှင့်စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**



# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တပ် နယ်မှ အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်းအမျိုးသမီး အရာရှိများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ ဝင်များသည် သင်တန်းဆင်းအမျိုးသမီး အရာရှိများ၊ ညစာစားပွဲတက်ရောက်လာ ကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူ တကွ သုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ် မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်း ဆင်း အမျိုးသမီးအရာရှိများနှင့်အတူ မြဝတီသဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေး နှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူး ရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင် ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သင်တန်းဆင်းအမျိုးသမီးအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်စဉ်။






ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ခွဲလုံ့လဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းကမ်းလိုက်နာတတ်မှုတို့ကို ထင်ဟပ်ပေါ်လွင်စေနိုင်သည့် စွမ်းရည်ပြပြိုင်ပွဲတစ်မျိုးဖြစ်**ကြောင်း၊ အားကစားပြုလုပ်ခြင်းကြောင့် ပထမဆုံးရရှိသည့် အကျိုးကျေးဇူးသည် တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင်ရေးဆိုသည့် ကောင်းကျိုးပင်ဖြစ်ကြောင်း၊ **အသင်းအဖွဲ့နှင့်ကစားရသည့် အလေ့အထမှတစ်ဆင့် အချင်းချင်းစည်းလုံးညီညွတ်မှု တစ်နည်းအားဖြင့် စုပေါင်းစိတ်ဓာတ်ကိုရရှိစေပြီး ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်၊ အမျိုးသားရေးဂုဏ်ကို ဆောင်ကြဉ်းလိုသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထက်သန်လာစေမည်ဖြစ်**ကြောင်း။

**အနာဂတ် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြရမည့် ယနေ့လူငယ်များအနေဖြင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့်ပြည့်စုံစေရေးကို အစဉ်တစိုက်ကြိုးပမ်းမြှင့်တင် တည်ဆောက်နေကြရမည်ဖြစ်**ကြောင်း၊ **"ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေးဘက်စုံပညာရေး"**ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာစေရန်လိုအပ်ကြောင်း။

ပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးအတွက် ထိထိရောက်ရောက် အထောက်အကူပြုနိုင်မှုသည် ကိုယ်လက်လှုပ်ရှားအားကစားပင်ဖြစ်ကြောင်း၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် အားကစားနှင့် ပညာရေးတို့သည် ခွဲခြားမရသည့် အရာများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကစားဝန်ကြီးဌာနကို အဆင့်မြှင့်တင်ပြီး လူငယ်ကဏ္ဍကိုပါ ဦးစားပေးလုပ်ဆောင်နိုင်အောင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခု ပညာရေးဒီဂရီကောလိပ်အဆင့် ပြိုင်ပွဲတွင် ဘောလုံးအမျိုးသား၊ ဘော်လီဘောအမျိုးသား၊ အမျိုးသမီး၊ ပိုက်ကျော်ခြင်းအမျိုးသားနှင့်ပြေးခုန်ပစ်အားကစားနည်းများ စသည်ဖြင့် ပါဝင်မည်ဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ယခင်နှစ်ကစပြီး နေပြည်တော်တွင် ဗဟိုအဆင့်အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရေးဒီဂရီကောလိပ် အသီးသီး၏ ကျောင်းတွင်း အားကစားပြိုင်ပွဲများမှတစ်ဆင့် အထက်မြန်မာပြည်ဇုန်၊ အောက်မြန်မာပြည်ဇုန် ဇုန်အဆင့်ပွဲများကို အဆင့်ဆင့် ယှဉ်ပြိုင်ခဲ့ကြပြီးမှ ဗဟိုအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ယခုနှစ်တွင် ထူးခြားချက်မှာဇုန်အဆင့်တွင် အသင်းလိုက်ရွေးချယ်ခြင်းမျိုးမဟုတ်ဘဲ ဇုန်အဆင့်ယှဉ်ပြိုင်သူ ကျောင်းသားအားလုံးထဲကမှ လက်ရွေးစင်များရွေးချယ်ပြီး ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်၍ ယခုလိုဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် မောင်တို့မယ်တို့၏ ကြိုးစားအားထုတ်မှုများနှင့် အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ထိုသို့**ဒီဂရီကောလိပ်အဆင့်၊ ဇုန်အဆင့်၊ ဗဟိုအဆင့်အားကစားပွဲများကျင်းပပေးခြင်းအားဖြင့်ကျောင်းသား၊ ကျောင်းသူများသည် အချင်းချင်း ထိတွေ့မှု၊ ချစ်ခင်ရင်းနှီးမှု၊ ညီညွတ်မှု၊ ဒေသန္တရ ဗဟုသုတများရရှိမှုအပြင် အားကစားတွင် ထူးချွန်သည့် အခြေခံပညာ ဆရာ၊ ဆရာမများအဖြစ် ပေါ်ထွန်းလာစေမည်ဖြစ်**ကြောင်း၊ တစ်နည်းအားဖြင့် အခြေခံပညာအတွက် ပညာရေးနှင့် အားကစားစွမ်းရည်ကိုပါ အားထားရသည့် ဘက်စုံထူးချွန်သည့်ဆရာများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။



ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ယခုလို တက္ကသိုလ်၊ ကောလိပ်အဆင့် အားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းကြောင့် ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်နှင့် ကောလိပ်များမှ ထူးချွန်အားကစားသမားများ ပေါ်ထွန်းမှုကိုကြည့်ပါက စစ်ပြီးခေတ် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်းမှ လက်ရွေးစင်များဖြစ်ကြသည့် ကောလိပ်ဂျင်နေဝင်း၊ ထွန်းကြည်၊ အောင်ခင်၊ ကက်နက်ရှိန်၊ တင်မောင်၊ စိုးမြင့်၊ စောဦး၊ မောင်ပြူး၊ ကျော်ကျော်၊ မောင်မောင်၊ ငွေကိုင်၊ ဂျွန်တင့်၊ ဘန်နီတင်အောင်၊ ခင်မောင်ဝင်း၊ ခင်မောင်ဇော်၊ ဘမောင်တို့သည် မြန်မာလူငယ်လက်ရွေးစင်အသင်း၊ လူကြီးလက်ရွေးစင်အသင်းတို့တွင် ပါဝင်ကစားခဲ့ကြသည့် ပရိသတ်အသည်းစွဲ နာမည်ကျော် ကစားသမားများပင်ဖြစ်ကြကြောင်း၊ ဂိုးသမားဂျပ်ဆင်ဆိုပါက ရန်ကုန်တက္ကသိုလ်လက်ရွေးစင်မှ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်ကြောင်း၊ ၁၉၆၆ ခုနှစ်က အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့စဉ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက နောက်ဆုံးဗိုလ်လုပွဲတွင် အီရန်နိုင်ငံအသင်းကို အနိုင်ရပြီး ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့ပါကြောင်း၊ ဘော်လီဘောတွင် ကျော်ဟန်၊ အေးထွန်း၊ စန်းစန်းဖေ၊ ဖြူဖြူဇော် စသည့် တက္ကသိုလ်ဘော်လီဘောသမားများနှင့် ဘတ်စကက်ဘောတွင် ဉာဏ်မင်းတို့သည် မြန်မာ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သူများဖြစ်ကြကြောင်း။

၁၉၆၂ ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ခဲ့သည့် တင်မောင်နီနှင့် ၁၉၆၉ ခုနှစ် ရန်ကုန်ကျွန်းဆွယ်ပြိုင်ပွဲတွင် တစ်ဦးတည်းရွှေတံဆိပ်သုံးခုဆွတ်ခူးနိုင်ခဲ့သည့် နန္ဒကျော်စွာတို့သည် ဆုတံဆိပ်များစွာဆွတ်ခူးခဲ့သည့် တက္ကသိုလ်ရေကူးအားကစားသမားများ ဖြစ်ကြကြောင်း၊ ကြက်တောင်တွင် မောင်လှ၊ ကျော်ထွန်း၊ မြင့်မြင့်ခင်(မန္တလေး)တို့မှစကာ မြလေးစိန်အထိ မြန်မာ့လက်ရွေးစင် ကြက်တောင်အားကစားသမားများသည် တက္ကသိုလ်လက်ရွေးစင်အသင်းသားများပင် ဖြစ်ကြကြောင်း၊ ထို့ကြောင့် ယခုလိုတက္ကသိုလ်ပေါင်းစုံ၊ ပညာရေးကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှ နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ ထပ်မံပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်သည့်အတွက် တစိုက်မတ်မတ် ကြိုးစားသွားကြပါဟု တိုက်တွန်းလိုပါကြောင်း။

**အားကစားဆိုသည်မှာကာယအားနှင့်ဉာဏအားကိုအသုံးချပြီး လှုပ်ရှားရသည့်ယှဉ်ပြိုင်မှုဖြစ်ခြင်းကြောင့် အနိုင်မခံ၊အရှုံးမပေးသည့် နိုင်မာသောစိတ်ဓာတ်ဖြစ်ပေါ်စေသည့်အပြင် အနိုင်အရှုံးတစ်ခုတည်းကို ယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ သန့်ရှင်းမှန်ကန်သည့်နည်းလမ်းနှင့် အားကစားစိတ်ဓာတ်အပြည့်အဝထားပြီး ပြိုင်ပွဲများတွင်** **စာမျက်နှာ ၂၁ သို့**

အားကစားနယ်ပယ်အောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ပြသနေခြင်းဖြစ်သည့်အတွက် အားကစားပြိုင်ပွဲများကို ယှဉ်ပြိုင်ရာတွင် ကိုယ့်အဖွဲ့အစည်းအတွက်တင်မဟုတ်ဘဲ မိမိလူမျိုး၊ မိမိနိုင်ငံတော်၏ ကျေးဇူးကိုဆပ်နိုင်သည့် အမျိုးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်စေရန်အထိ ရည်မှန်းချက်ထားပြီး အားသွန်ခွန်စိုက်ကြိုးပမ်း. . .





ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက Physical Fitness Dance၊ မြန်မာ့သိုင်း၊ ပဝါက၊ မြန်မာ့ခြင်းဝိုင်းနှင့် အေရိုးဗစ်သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၂၀ မှအဆက်

**ယှဉ်ပြိုင်ကစားခြင်းအားဖြင့် တရားမျှတမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ အပြန်အလှန်လေးစားမှု စသည့် ကောင်းမြတ်သည့်အလေ့အထများကို ရရှိစေနိုင်မည်ဖြစ်**ကြောင်း။

ထို့ပြင် အားကစားဆိုသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေခံအချက် ခြောက်ချက် အပေါ်တွင် မူတည်နေခြင်းကြောင့် ထိုအရည်အသွေးများ ပြည့်စုံသည်ထက် ပြည့်စုံနေအောင်၊ ပြည့်ဝသည်ထက် ပြည့်ဝနေအောင် အစဉ်ကြိုးစား တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ **အားကစားနယ်ပယ် အောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ပြသနေခြင်းဖြစ်သည့်အတွက် အားကစားပြိုင်ပွဲများကို ယှဉ်ပြိုင်ရာတွင် ကိုယ့်အဖွဲ့အစည်းအတွက်တင်မဟုတ်ဘဲ မိမိလူမျိုး၊ မိမိနိုင်ငံတော်၏ ကျေးဇူးကို ဆပ်နိုင်သည့် အမျိုးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်စေရန်အထိ ရည်မှန်းချက်ထားပြီး အားသွန်ခွန်စိုက်ကြိုးပမ်း**သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုနှင့် ပညာရေးဒီဂရီကောလိပ်များ၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်ကြရာတွင် **"ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်"** ဆိုသကဲ့သို့ မလျှော့သောဇွဲ၊ သတ္တိ၊ ပြင်းပြသောလုံ့လတို့နှင့် **"လေ့ခွက် ချည်းကျန်၊ အလံမလှဲ"** ဆိုသည့် စိတ်ဓာတ်၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များနှင့် သန့်ရှင်းမျှတစွာယှဉ်ပြိုင်ပြီး စည်းကမ်းကိုတန်ဖိုးထားသော ကျောင်းသား၊ ကျောင်းသူများအဖြစ် မှတ်တမ်းတင်နိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

အားကစား မောင်တို့မယ်တို့သည် ယှဉ်ပြိုင်ကစားရာတွင် အားကစားသမားတစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားခြင်း၊ ချစ်ခင်ညီညွတ်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ ရဲဘော်ရဲဘက်စိတ်ထားရှိခြင်းတို့နှင့် ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ အားကစားလေ့ကျင့်ရာတွင်သော်လည်းကောင်း၊ အားကစားယှဉ်ပြိုင်ရာတွင်သော်လည်းကောင်း၊ ပွင့်လင်းမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ စိတ်ရှည်ရှည်ထားမှု၊ နိုးကြားမှု၊ ကြိုးစားမှုတို့ ထားရှိလုပ်ဆောင်ကြရန် အလေးအနက်တိုက်တွန်းပြောကြားလိုကြောင်း၊ မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပညာရေးဒီဂရီကောလိပ်များအတွက် ဂုဏ်ဆောင်ဆုတံဆိပ်များစွာ ရယူဆွတ်ခူးနိုင်ကြပါစေကြောင်း၊ အစဉ်အလာကြီးမားသော ပညာရေးဒီဂရီကောလိပ်များအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ကြပါစေကြောင်း၊ ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များကိုပြုစုပျိုးထောင်ပေးမည့် ဆရာ၊ ဆရာမလောင်းများအနေဖြင့် ကိုယ်တိုင် ဘက်စုံထူးချွန်နေရန် ဆက်လက်ကြိုးစားသင်ယူ လေ့ကျင့်နိုင်ကြပါစေကြောင်း ပြောကြားပြီး **"၂၀၂၃–၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ"**ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံမှ အားကစားပြိုင်ပွဲအထိမ်းအမှတ်အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ပြီး အားကစားမောင်မယ်ကျောင်းသား၊ ကျောင်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ကိုရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၊ လှည်းကူးပညာရေးဒီဂရီကောလိပ်နှင့် တောင်ငူပညာရေးဒီဂရီကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူများက Physical Fitness Dance၊ မြန်မာ့သိုင်း၊ ပဝါက၊ မြန်မာ့ခြင်းဝိုင်းနှင့် အေရိုးဗစ်သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၆ ရက်ထိ အားကစားနည်းများအလိုက် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများ၌ကျင်းပသွားမည်ဖြစ်ပြီး ပညာရေးဒီဂရီကောလိပ်ပေါင်းစုံမှ အားကစားမောင်မယ်ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ဦးရေ ၈၀၀ ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။



မြန်မာ့သိုင်း သရုပ်ပြသစဉ်။




မြန်မာ့ခြင်းဝိုင်း သရုပ်ပြသစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# မြန်မာနိုင်ငံတွင် စနစ်ကျပြီးကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်ပေါ်ထွက်လာစေရန်အတွက် အမျိုးသားမြေဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေးကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂၂**

အမျိုးသားမြေအသုံးချမှုကောင်စီ ပဥ္စမအကြိမ်အစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအင်ကြင်းခန်းမ၌ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာအမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြေသယံဇာတအရင်းအမြစ်သည် မိမိတို့လူသားများ၊ လူမှုအသိုင်းအဝိုင်းများဖြစ်တည်မှုအတွက် မရှိမဖြစ်လိုအပ်သည့်အခြေခံအကျဆုံး သဘာဝသယံဇာတအရင်းအမြစ်ဖြစ်ပါကြောင်း၊ အခြားသယံဇာတအရင်းအမြစ်များနှင့် မတူသည့်အချက်မှာ မြေသယံဇာတသည် တိုးပွားအောင်လုပ်၍ မရဘဲအကန့်အသတ်နှင့်သာရှိသည့် သဘာဝသယံဇာတအရင်းအမြစ်ဖြစ်သည်ကို သတိပြုရမည်ဖြစ်ပါကြောင်း။

အမျိုးသားမြေအသုံးချမှုကောင်စီအနေဖြင့် မိမိတို့၏ ပင်မလုပ်ငန်းတာဝန်ဖြစ်သည့် အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အားလုံးကိုလွှမ်းခြုံနိုင်မည့် အမျိုးသားမြေဥပဒေပြဋ္ဌာန်းနိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီအောက်တွင် မြေဥပဒေရေးဆွဲရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိပါကြောင်း၊ ၎င်းအထောက်အကူပြုလုပ်ငန်းအဖွဲ့အောက်တွင် ဥပဒေရေးဆွဲရေးအဖွဲ့ငယ်သုံးဖွဲ့ကိုထပ်မံဖွဲ့စည်းထားပြီး အမျိုးသားမြေဥပဒေကြမ်းအခန်း(၁၆)ခန်းကို အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ ဥပဒေမူကြမ်းထွက်ပေါ်လာရေးကို တစိုက်မတ်မတ် အကောင်အထည်ဖော် ရေးဆွဲပြုစုနေသည့် အဖွဲ့ဝင်များအားလုံးကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း။

ဥပဒေမူကြမ်းရေးဆွဲပြုစုခြင်းကို၂၀၂၃ ခုနှစ် ဩဂုတ်လမှ ၂၀၂၄ခုနှစ် အောက်တိုဘာလအထိ စုစုပေါင်း ၁၅ လသတ်မှတ်ထားပြီး ၂၀၂၃ ဩဂုတ်လမှ ၂၀၂၄ ခုနှစ် ဧပြီလအထိစုစုပေါင်း ကိုးလမှာကနဦးမူကြမ်းစတင်ရေးသားပြုစုခြင်း၊ ၂၀၂၄ ခုနှစ် မေလမှ ဇူလိုင်လအထိ သုံးလမှာရေးဆွဲပြီးမူကြမ်းကိုအကျိုးသက်ဆိုင်သူများထံချပြခြင်းနှင့် အကြံပြုချက်များအရ ကနဦးမူကြမ်းကိုပြန်လည်ပြင်ဆင်ရေးသားခြင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလထိ နောက်ဆုံး သုံးလမှာပြင်ဆင်ပြီးမူကြမ်းကို အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများသဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီကတစ်ဆင့် အမျိုးသားမြေအသုံးချမှုကောင်စီသို့ တင်ပြခြင်းဆိုပြီးသတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် ဥပဒေရေးဆွဲပြုစုခြင်းသည် ကျယ်ပြန့်နက်နဲသည့် လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီအဖွဲ့ဝင်များအနေဖြင့် သတ်မှတ်ထားသော Time Frame အတွင်း မိမိတို့လုပ်ငန်းများကိုအချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်နိုင်ရေးကြိုးပမ်းကြစေလိုကြောင်း။

မြန်မာနိုင်ငံတွင် စနစ်ကျပြီးကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်ပေါ်ထွက်လာစေရန်အတွက် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လမ်းညွှန်ချက်များနှင့် မူဝါဒပါလုပ်ငန်းစဉ်နှင့်အညီ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုသဟဇာတဖြစ်စေရေးကို လွှမ်းခြုံစေမည့် အမျိုးသားမြေဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ အဖွဲ့များမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အစည်းအဝေးတက်ရောက်လာသူများအနေဖြင့် အမျိုးသားမြေဥပဒေပြဋ္ဌာန်းနိုင်ရေး ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသားမြေအသုံးချမှုကောင်စီ၏ စတုတ္ထအကြိမ်အစည်းအဝေးဆုံးဖြတ်ချက် ၁၂ ချက်ပေါ် အလေးထားလိုက်နာ ဆောင်ရွက်ရမည့်အခြေအနေ၊အမျိုးသားမြေအသုံးချမှု မူဝါဒကိုအနည်းဆုံး ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပြင်ဆင်ရမည့် အခြေအနေ၊နိုင်ငံပိုင်မြေများကို စနစ်တကျစီမံခန့်ခွဲရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မြေယာစီမံခန့်ခွဲမှုဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက စတုတ္ထအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီတို့ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့်မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီဝင်များဖြစ်ကြသည့်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် မြေယာမူဝါဒနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) မြဝတီခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မင်းမင်းစိုးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင်နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး လင်းအောင် ကျောင်းဆင်း ဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင် ခန့်အပ်လွှာ ပေးအပ်စဉ်။**

ထို့နောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားသည် ကျောင်းဆင်းဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းများကို ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူးခန့်အပ်ပေးအပ်ခြင်းဖြစ်သည်။ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းကို တပ်မတော်အတွက်အရည်အချင်းပြည့်ဝသည့် ဦးစီးအရာရှိများ မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀)အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့် သက်ဆိုင်ရာ(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များတွင် အသီးသီးတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။





တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဗိုလ်လောင်းများ ဒုတိယဗိုလ်အဆင့်တံဆိပ်တပ်ဆင်နေမှုကို တွေ့ရစဉ်။

# မြောင်းမြခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါး ၃၉၁၉၀၅ ဧက ရိတ်သိမ်းပြီးစီး



**မြောင်းမြ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါး ၃၉၁၉၀၅ ဧက ပြန်လည်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၅၂၁၉၆၄ ဧကကို ဇွန်လပထမပတ်က စတင်လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် မိုးစပါးများကို အောက်တိုဘာလ ဒုတိယပတ်က ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၉၁၉၀၅ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ ဒီနှစ်မိုးစပါး ၅၂၁၉၆၄ ဧကထိ လျာထားစိုက်ပျိုးခဲ့တယ်။ လက်ရှိစိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ မိုးစပါး ၃၉၁၉၀၅ ဧက ပြန်လည်ရိတ်သိမ်းပြီးပါပြီ။ ကျန်တဲ့မိုးစပါးတွေကို ရာနှုန်းပြည့်ရိတ်သိမ်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စပါးမစိုက်ပျိုးမီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့တယ်။ ဒါ့ပြင် တောင်သူတွေစိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲပံ့ပိုးပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိရိတ်သိမ်းနေတဲ့စပါးတွေ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီတာတွေ့ရပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးဖြစ်သည့်မိုးစပါး တစ်ဧကလျှင် ၉၂ ဒသမ ၈၉ တင်း ထွက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပုတာအိုမြို့နယ် စာရိတ္တကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ပုတာအို ဒီဇင်ဘာ ၂၂**

ကချင်ပြည်နယ် ပုတာအိုခရိုင် ပုတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စာရိတ္တကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ စာရိတ္တကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဘက်စုံသုံးခန်းမ ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

စာရိတ္တကျေးရွာ၌ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၀ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် ၁၁ သိန်း စုစုပေါင်း ငွေကျပ် ၁၆၁ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ပုတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က ပြောပြ၍ သိရသည်။ **ကျော်ဦး**



# မိတ္ထီလာမြို့နယ် ပျော်ဘွယ်(စံပြ)ကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး


**မိတ္ထီလာ ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ပျော်ဘွယ်(စံပြ)ကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်း မပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပျော်ဘွယ်(စံပြ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၂၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၃၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးက ပြောပြ၍ သိရသည်။ **သန်းလွင်(မကွေး)**



တွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဆင်း ဂုဏ်ပြုကဗျာ

## ရည်မှော်ကာလှမ်း၊ ထိုသည့်လမ်း

➤ မ တစ်ထောင်၊ တစ်ကောင်ဖွားတဲ့
အမျိုးသမီးစစ်သည်၊ ဘာမထီ
တိုင်းပြည်ရန်စွယ်၊ ကာကွယ်မည်မှန်း
လျှောက်လှမ်းခဲ့ပြီ၊ ထိုလမ်းဆီသို့ . . .။

➤ အမျိုးသမီးအားမာန်၊ ဇွဲစိတ်သန်၍
မိနိုင်ငံတွက်၊ တို့ပေးဆက်မည်
တစ်ဖက်တစ်လက်၊ မ, တို့လက်တွေ
ပုခက်လွှဲလက်၊ လက်နက်ကိုင်မည်
ရွေးချယ်ကာမှန်း၊ တို့လှမ်းခဲ့ပြီ
အနာဂတ်မှန်း၊ ထိုလမ်းဆီသို့. . .။

➤ ကျန်းမာကြံ့ခိုင်၊ ကျွမ်းကျင်ယုံကြည်
စွမ်းရည်သုံးရပ်၊ ဖြောင့်မတ်ခိုင်တည်
မ, တို့စွမ်းအင်၊ ဂုဏ်မြင့်တင်မည်
ပါဝင်လျှောက်လှမ်း၊ ထိုလမ်းဆီသို့ . . .။

➤ တပ်နှင့်ပြည်သူ၊ လက်တွဲကူ၍
တူညီစိတ်ဝမ်း၊ ထိုလမ်းဆီမှာ . . .။

➤ အေးချမ်းသာယာ၊ ဝေဖြာတိုးတက်
တွဲလက်ညီညီ၊ ထိုလမ်းဆီမှာ. . .။

➤ နိုင်ငံအဝှမ်း၊ ငြိမ်းချမ်းသာယာ
ကမ္ဘာ့အလယ်၊ တည်ဝင့်ထည်သော
အမိမြန်ပြည်၊ ထိုလမ်းဆီမှာ . . .။ ။

သီရိပြည့်စုံမေ

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# PDF အမည်ခံအကြမ်းဖက်သမားများက ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ ဘောလုံးကွင်း၌ ကိုးနဝင်းဘုရားပွဲပြုလုပ်နေစဉ် လက်ပစ်ဗုံးဖြင့် ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရရှိ

ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာရှိ ဘောလုံးကွင်း၌ ကိုးနဝင်းဘုရားပွဲကျင်းပနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သည့် နေရာပြပုံ




**နေပြည်တော် ဒီဇင်ဘာ ၂၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ၌ ကိုးနဝင်းဘုရားပွဲပြုလုပ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ ဘောလုံးကွင်း၌ ကိုးနဝင်းဘုရားပွဲပြုလုပ်နေစဉ် ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်တွင် PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးသည် ကော့ကဒွတ်ရွာဘက်မှ ဆိုင်ကယ် တစ်စီးဖြင့် ရောက်ရှိလာပြီး ဘောလုံးကွင်း တောင်ဘက် မီတာ ၅၀ ခန့်အကွာမှ လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိသူများကို တောင်စွန်းလူမှုကူညီကယ်ဆယ်ရေးအသင်းယာဉ်ဖြင့် ဘီးလင်းပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကုက္ကဲရဲစခန်းကို ၄၀ မမပုံးသီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘန်ကာအတွင်း ကျရောက်ပေါက်ကွဲပြီး ရဲတပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကုက္ကဲရဲစခန်းကို ဒီဇင်ဘာ ၂၁ ရက်က အကြမ်းဖက်သောင်းကျန်းသူများက ၄၀ မမပုံးသီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဘန်ကာအတွင်း ကျရောက်ပေါက်ကွဲပြီး ရဲတပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မြင်းခြံမြို့နယ် ကုက္ကဲရဲစခန်းမှတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ဒီဇင်ဘာ ၂၁ ရက်တွင် မည်သည့်ဗုံးကွဲမှုနှင့် လက်နက်ကြီးဗုံးသီးများ ကျရောက်ပေါက်ကွဲမှုမရှိခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းတာဝန်များကို ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် လူမှုကွန်ရက်စာမျက်နှာများကို အသုံးပြု၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထင်ယောင်ထင်မှားဖြစ်စေရန် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးအားမြှောက်ပြုလုပ်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြို့မ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Pann Nu Wai"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာနေ ပန်းနုဝေအား ည ၇ နာရီ မိနစ်၂၀ တွင် ရွှေတွင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



# သူငယ်ချင်း

## ချင်းဇော်လတ်ငြိမ်း

(၁)

"တကယ်တော့ ဘဝဆိုတာ"

"တော်ပါတော့ကွာ။ မင်းကလဲ တစ်ခါလာလဲ ဘဝဆိုတာနဲ့ စစပြောနေတော့တာ၊ နားငြီးတယ်ကွာ။ မပြောနဲ့"

စကားကိုအဓိပ္ပာယ်ရှိရှိပြောရန် စကားစချီနေချိန် နေလင်းက ထွန်းဦး၏စကားကြောင့် ဘာဆက်ပြောရမှန်းမသိတော့သလို ဖြစ်သွားသည်။ ထွန်းဦးက ခပ်ပွေပွေကောင်တစ်ယောက်ဖြစ်သည်။ နေလင်းက ခပ်အေးအေးသာနေသည်။ နှစ်ယောက်စလုံးက နယ်မှတက်လာကြသူများမို့ အလုပ်ပိုကြိုးစားလုပ်ကိုင်ကြသည်။ ထွန်းဦးက ရွှေဘိုမြို့သားဖြစ်ပြီး နေလင်းက တမူးမြို့သားဖြစ်သည်။

"ဟေ့ကောင် ထွန်းဦး"

နေလင်း ခေါ်လိုက်သောကြောင့် ထွန်းဦးက ဆေးလိပ်ကို ပါးစပ်ထဲမှနုတ်၍ လက်ကြားထဲညှပ်ထားလိုက်သည်။

"ဘာလဲ နေလင်းရ၊ ဘာတရားတွေဟောအုံးမလို့လဲ"

နေလင်းနှင့် ထွန်းဦးတို့ကို သူငယ်ချင်းများပါဟု ပြောလျှင် ဘယ်သူမှ ယုံမည်မထင်ပါ။ တကယ်တော့ သူငယ်ချင်းဆိုတာမျိုးက စိတ်တူကိုယ်တူဖြစ်ရမည် မဟုတ်ပါလား။ နေလင်းနှင့် ထွန်းဦးတို့၏ အကျင့်စရိုက်များကတော့ မိုးနှင့်မြေ၊ ဆီနှင့်ရေလို ကွဲပြားကြသည်။

"မင်း ဆေးလိပ်မသောက်ပါနဲ့လားကွာ၊ တကယ် ဆေးလိပ်စွဲတာလဲ မဟုတ်ဘဲနဲ့၊ မင်းအသက်လဲ ငယ်ငယ်လေးရှိသေးတာ"

နေလင်း၏ တရားဓမ္မများကို ထွန်းဦး နားထောင်ရတာ ဖန်တစ်ရာတေနေပြီဖြစ်သည်။ နေလင်း၏ စကားများကို ထွန်းဦးအလွတ်ရပြီးသားမို့ ခုခံငြင်းဆိုတာမျိုးမလုပ်ဘဲ ခပ်အေးအေးသာနေလိုက်သည်။

(၂)

"ဒီလကော မင်းအိမ်ကို ဘယ်လောက်ပေးနိုင်မယ်ထင်လဲ"

"မသိသေးပါဘူးကွာ၊ တစ်သိန်းလောက်တော့ပေးနိုင်မယ်ထင်တာပဲ"

"ကြိုးစားပေါ့ ထွန်းဦးရာ မင်းလဲ ဆေးလိပ်လျှော့သောက်အုံး"

နေလင်း၏ ဆုံးမဩဝါဒများကြားထဲ ထွန်းဦး ဆေးလိပ်သောက်လျှော့လာသည်ကို သတိထားမိလာသည်။ တကယ်တော့ ထွန်းဦးဆီက အနံ့တစ်မျိုးထွက်နေသည်။ အရက်နံ့။

"မင်း အရက်သောက်တတ်နေပြီလား"

"နည်းနည်းပါ သူငယ်ချင်းရာ"

"ဘာလို့သောက်တာလဲကွာ၊ မင်းကလဲ ဘာဖြစ်ပြန်ပြီလဲ"

"ငါချစ်တဲ့ကောင်မကလေးက ငါ့ကို ထားသွားလို့ပါကွာ။ ဒါကြောင့် အသည်းကွဲလို့ အရက်သောက်လာတာ"

"မင်း အသည်းမှိုလဲကွဲနိုင်တယ်။ အခုပြတ်သွားတဲ့ကောင်မကလေးကော ဘယ်နှယောက်မြောက်လဲ"

"ဘယ်နှယောက်မြောက်မှန်းကို မသိတော့ပါဘူးကွာ"

နေလင်းစိတ်ညစ်သွားသည်။ ပြောမနိုင်ဆိုမနိုင်ကောင်။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားရန်သာ ကောင်းတော့သည်။

(၃)

"ဘယ်ကပြန်လာတာလဲ နေလင်း"

အထုပ်များကို လက်ကဆွဲပြီးပြန်လာသည့် နေလင်းကို ဝရန်တာတွင် မတ်တတ်ရပ်ပြီး ဆေးလိပ်ဖွာနေသော ထွန်းဦးက လှမ်းမေးလိုက်သည်။

"အိမ်ကို ငွေလွှဲပြီးပြန်လာတာ၊ ဒီမှာ ငါတို့နှစ်ယောက်စားဖို့ ခေါက်ဆွဲကြော်ဝယ်လာတယ်"

နေလင်း အိမ်ပေါ်ကိုရောက်သည့်အခါမှာတော့ ထွန်းဦးက နေလင်းလက်ထဲက အထုပ်များကိုယူပြီး ခေါက်ဆွဲကြော်ကို ပန်းကန်ထဲထည့်လေသည်။

"မင်းကော ဒီလ အိမ်ကိုငွေပို့ပြီးပြီလား"

"မပို့ရသေးပါဘူးကွာ။ အကြွေးပေးစရာတွေရှိသေးတယ်ကွာ"

ထွန်းဦးက စက်ရုံတစ်ခုတွင် အလုပ်လုပ်သည်။ လစာက တစ်သိန်းရှစ်သောင်းရသည်။ အဆောင်ကြေးငါးသောင်းကို နုတ်သော် တစ်သိန်းသုံးသောင်း ကျန်သည်။ ထိုထဲမှ စားစရိတ် လေးသောင်းကို ထပ်နုတ်သော် ကိုးသောင်းသာကျန်သည်။ ထိုထဲမှ သူ့အသုံးစရိတ်ကို နုတ်သော် သူ့အတွက် ရသည့်ငွေနှင့်မလောက်ငနိုင်ရှာပေ။ နေလင်းကတော့ ယခင်ကတည်းက လူရည်လည်ပြီးသားဆိုတော့ ပွဲစားလိုလို အရောင်းအဝယ်လိုလို လုပ်သည်။ သူ့အလုပ်ကလည်း တစ်နေကုန် အပြင်ထွက်နေနိုင်မှ ငွေရသည့်အလုပ်ဖြစ်သည်။ နေလင်းက ပွဲစားအလုပ်ဆိုတာကလည်း သူများထက်လျှာကိုတစ်တောင်လောက် ပိုရှည်အောင်ပြောနိုင်မှ ထမင်းစားရသည်။

"မင်းလဲ အိမ်ကိုငွေပို့နိုင်အောင် လုပ်အုံးဟ"

"အေးပါကွာ၊ ငါလဲ ကြိုးစားနေပါတယ်ကွ"

ထွန်းဦးနှင့် နေလင်းတို့စကားပြောရင်း ခေါက်ဆွဲကြော်ကို ညစာလုပ်စားနေကြလေသည်။

(၄)

"ထွန်းဦး မင်းဘာဖြစ်လာတာလဲ"

မျက်နှာမှာ အညိုအမည်းစွဲလာသည့် ထွန်းဦးကို နေလင်းက စိုးရိမ်တကြီးမေးသည်။

"တကယ်တော့ ငါမှားတာပါကွာ၊ မင်းပဲ စဉ်းစားကြည့်ကွာ၊ ပစ္စည်းတစ်ခုကို ငွေနဲ့ပေးပြီးတန်ရာတန်ကြေးဝယ်တာ ငါ့ကို မရောင်းဘူးတဲ့ကွာ၊ ဒါနဲ့ ငါလဲ အတင်းရောင်းခိုင်းတာပေါ့၊ သူလဲ ငါ့ကို မရောင်းပေးဘူး၊ ငါလဲ စိတ်မရှည်တော့တာနဲ့ သူ့ကို ဆွဲထိုးလိုက်တော့တာပဲ၊ သူက ချက်ချင်းပြန်ထလာပြီး ငါ့မျက်နှာကို ပြန်ထိုးလိုက်တာ၊ လက်သီးချက်တွေက အဆက်မပြတ်ဘဲ၊ ငါပြန်လုပ်ချိန်ကို မရလိုက်ဘူး"

"အဲဒီကောင်မျက်နှာကို မင်းမှတ်မိလား၊ လာ ငါရောလိုက်ခဲ့မယ်၊ အခုသွားရှင်းမယ်ကွာ"

နေလင်းက ထွန်းဦးကို ထိုးလိုက်သည့်ကောင်ကို ဒေါသထွက်ပြီး အသားတွေပါ ဆတ်ဆတ်တုန်နေသည်။

"သူ့မျက်နှာတော့ မမှတ်မိဘူးကွ၊ သူက နှာခေါင်းစည်းအုပ်ပြီး လျှာထိုးဦးထုပ်ဆောင်းထားတာ"

"ဪ. . . နေပါအုံး၊ မင်း သူ့ဆီက ဘာဝယ်တာလဲ"

"နံပါတ် ဖိုး"

"ဘာ နံပါတ်ဖိုး ဟုတ်လား၊ မင်းဆေးချနေပြီလား"

အခုတော့ နေလင်းက ထွန်းဦးကို နံပါတ်ဖိုး မရောင်းပေးဘဲ မျက်နှာကို သပြေသီးမှည့်ရောင် လိုက်သွားအောင် ထိုးလိုက်သည့်ကောင်ကို ကျေးဇူးတင်ရမလို ဖြစ်နေသည်။

"မချပါဘူးကွာ၊ မလုပ်ဖူးလို့ စမ်းကြည့်မလို့ပါ၊ အခုတော့ အထိုးခံလိုက်ရတာပဲအဖတ်တင်တယ်"

ထွန်းဦးက သူ့ကို စိုးရိမ်တကြီးမေးနေသည့် နေလင်းမျက်နှာကို စိုက်ကြည့်မိသည်။ သူ့အပေါ် ညီအစ်ကိုအရင်းလိုကောင်းသည့် သူငယ်ချင်း၊ မိဘအပေါ် သိတတ်သည့် သူငယ်ချင်း၊ မူးယစ်ဆေးဝါး ကင်းသည့် သူငယ်ချင်း နေလင်း။

"နေလင်း မင်းမျက်နှာကဒဏ်ရာဘာဖြစ်တာလဲ"

"ဪ. . . ရေချိုးခုံပေါ် ချော်လဲပြီး ရေကန်စောင်းနဲ့ ဆောင့်မိထားတာပါကွာ"

နေလင်းပါးပြင်ပေါ်ကဒဏ်ရာက အတွင်းကြေပြီး ညိုမည်းနေသည်။ သူငယ်ချင်းနှစ်ယောက် တစ်ယောက်ပခုံးတစ်ယောက်ဖက်ပြီး အဆောင်ပေါ်သို့ တက်သွားလေသည်။

(၅)

သည်နေ့မှာတော့ ထွန်းဦးတစ်ယောက်တည်း အဆောင်မှာ ကျန်နေခဲ့သည်။ အလုပ်ပိတ်ရက်လည်းဖြစ်၊ ထွန်းဦးလည်း လတ်လတ်ဆတ်ဆတ် အသည်းကွဲထားသောကြောင့် အဆောင်ထဲမှာပဲ အေးအေးလူလူနေတော့သည်။ နေလင်းကလည်း သူ့အလုပ်ကိစ္စနှင့် အပြင်ထွက်သွားသောကြောင့် ယခုချိန် ပြန်မလာသေးပေ။

"ဒီကောင်ကလဲကွာ၊ ဘာလို့ အခုချိန်ပြန်မလာသေးတာလဲ၊ ပျင်းတယ်ဟေ့"

ထွန်းဦးတစ်ယောက်တည်း ရောက်တတ်ရာရာ အော်ရင်း ပျင်းသလိုရှိလာသည်နှင့် စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။

"ညီလေး၊ ညီလေးနဲ့အတူနေတဲ့တစ်ယောက်ကော ဘယ်ရောက်နေလဲ"

ထွန်းဦးက သပ်သပ်ရပ်ရပ်ဝတ်ထားသည့် လူတစ်စုက သူ့ကို နေလင်းအကြောင်းမေးနေသောကြောင့် ထူးဆန်းသလို ဖြစ်နေသည်။

"ကျွန်တော့် သူငယ်ချင်းနေလင်းကိုပြောတာလား ဗျ၊ သူ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး ညီလေး၊ ညီလေးနဲ့ အတူတူနေတဲ့သူငယ်ချင်းက မူးယစ်ဆေးဝါးရောင်းနေတယ်လို့ သတင်းရလို့ လာရှာတာ၊ ကဲ သူတို့အခန်းကိုနဲ့အောင်ရှာကြစမ်း"

အရပ်ဝတ် ဝတ်ပြီး အထက်အရာရှိလို့ထင်ရသည့် တစ်ယောက်က နောက်မှပါလာသော လူတစ်စုကို ထွန်းဦးတို့အခန်းထဲ ပြောင်းပြန်လှန်အောင် ရှာခိုင်းသည်။ ဘယ်လိုပင် ရှာကြပါစေ မသင်္ကာစရာ ဘာပစ္စည်းမှမတွေ့ပေ။ တာဝန်ရှိ လူကြီးများလည်း ဘာပစ္စည်းမှ မတွေ့သည့်အတွက် ထွန်းဦးကို သူတို့နှင့် ပူးပေါင်းပါဝင်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြော၍ ပြန်သွားကြလေသည်။ ထွန်းဦးက သူ့သူငယ်ချင်း မူးယစ်ဆေးဝါးရောင်းသည်ဆိုတာ မဖြစ်နိုင်ဘူးဟု တထစ်ချ ယုံကြည်ထားသည်။ ထွန်းဦး၏ မျက်နှာမှ အညိုအမည်းဒဏ်ရာများက ယခုချိန်ထိကျန်နေသေးသည်။ နေလင်းက ညနေစောင်းသည်ထိ ပြန်မလာသေးပေ။ ထွန်းဦးကလည်း သူ ပြန်လာလျှင်အကျိုးအကြောင်းမေးရအောင် စောင့်နေသည်။

"အစ်ကိုရေ အစ်ကိုက ကိုထွန်းဦးလားဗျ"

"ဟုတ်တယ် ညီလေး"

ထွန်းဦးထက် အသက်ငယ်ပုံရသည့်ကလေးက ထွန်းဦးကို စာအိတ်တစ်စောင်ပေးပြီး ပြန်သွားသည်။ စာအိတ်ကို ဖွင့်ဖတ်လိုက်သည့်အခါမှာတော့-

"သူငယ်ချင်း ထွန်းဦး၊ ငါ မင်းကို ထိုးမိခဲ့တဲ့အတွက် တောင်းပန်ပါတယ်။ ငါ့အတွက် ဒီနေရာကမလုံခြုံတော့ဘူး၊ ဒါကြောင့် ငါတော်ရာ နေရာကိုထွက်သွားပြီ။ ငါနောက်ဆုံးအနေနဲ့ မှာချင်တာကတော့ လိမ်လိမ်မာမာနေပါကွာ၊ မိုက်တွင်းနက်နက်ထဲကျပြီးသား လူတစ်ယောက်က အပေါ်ပြန်တက်ဖို့ မလွယ်ဘူးဆိုတာ မင်း သိထားပါ၊ မင်းသုံးဖို့ ငါ ငွေနည်းနည်းပေးခဲ့တယ်။ လိပ်ပြာသန့်သန့်နဲ့သုံးပါ၊ မင်းကိုပေးတဲ့ငွေက ငါ ပွဲစားလုပ်ပြီးရလာတဲ့ငွေပါကွာ၊ မင်းရဲ့သူငယ်ချင်း နေလင်း"

စာကိုအဆုံးထိဖတ်ပြီးသည့်အခါမှာတော့ ထွန်းဦးက နေလင်းမျက်နှာကို ပြန်မြင်ယောင်နေမိသည်။ စိတ်ထဲကလည်း သူငယ်ချင်းကောင်းနေလင်းအတွက် ဆုတောင်းပေးနေမိသည်။

"သွားပေအုံးတော့ သူငယ်ချင်းရေ၊ မင်းဘဝလဲ အေးချမ်းပါစေကွာ၊ ရောက်ရာအရပ်မှာကောင်းရောင်းကောင်းဝယ်လုပ်ကိုင်ပြီး ကြွယ်ဝချမ်းသာသူတစ်ယောက် ဖြစ်ပါစေလို့ ငါဆုတောင်းပေးလိုက်ပါတယ်ကွာ"

# ချစ်ခြင်းမေတ္တာကိုအရင်းခံသော ခရစ္စမတ်ပွဲတော်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

နှစ်စဉ် ဒီဇင်ဘာ ၂၅ ရက်သည် ခရစ္စမတ်နေ့ဖြစ်သည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘာသာဝင်များသည် အလှူအတန်းများနှင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်ကြသည်။ အထူးသဖြင့် လူငယ်များသည် လူကြီးမိဘများထံမှ ခရစ္စမတ်လက်ဆောင်များနှင့် ခရစ္စမတ်ကတ်များရရှိကြသဖြင့် မျက်နှာများပေါ်တွင် အပြုံးများဖုံးလွှမ်းလျက်ရှိသည်။ လူငယ်များ၏ ပျော်ရွှင်မှုသည် လူကြီးများကို ကူးစက်စေသည်။ စင်စစ်အားဖြင့် လူကြီးများသည် လူငယ်များကို ယဉ်ကျေးသိမ်မွေ့မှုရှိစေရန်၊ ကူညီရိုင်းပင်းတတ်စေရန်၊ ပေးကမ်းစွန့်ကြတတ်စေရန်၊ မကောင်းမှုရှောင်၍ ကောင်းမှုဆောင်တတ်စေရန်၊ တစ်ဦးနှင့်တစ်ဦး မေတ္တာထားတတ်စေရန်အတွက် သက်ဆိုင်ရာဘာသာတရား၏အဆုံးအမ၊ အစဉ်အလာတို့ဖြင့် စည်းရုံးဆောင်ရွက်ထားခြင်းဖြစ်သည်။

ဒီဇင်ဘာလဆန်းပြီဆိုသည်နှင့် ခရစ်ယာန်ဘာသာဝင် လူကြီး၊ လူငယ်၊ လူလတ် အသက်အရွယ်အားလုံးသည် ခရစ္စမတ်ကာလအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြင့် အလုပ်ရှုပ်နေကြသည်။ အားလုံးသည် ခရစ္စမတ်ကာလတွင် အပြန်အလှန်လက်ဆောင်ပေးသွားမည်၊ အလှူအတန်းပြုမည်၊ မိသားစုများဆုံစည်းမည်၊ ချက်ပြုတ်စားကြမည်၊ ပျော်ပွဲစားထွက်မည်ဆိုသော အပျော်စိတ်များဖြင့် ကြည်နူးနေကြသည်။ မည်သည့်ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွင်မဆို လှူဒါန်းပေးကမ်းခြင်းကိုသာ အခြေခံထားလေ့ရှိသည်။ ဗုဒ္ဓဘာသာရှုထောင့်မှကြည့်မည်ဆိုလျှင် လုပ်ဆောင်မှုမှန်သမျှတွင် ဒါနကိုသာ အခြေခံထားပေသည်။

**ကြိုတင်ပြင်ဆင်**

ယခုလည်း ဒီဇင်ဘာလဆန်းကတည်းက ခရစ္စမတ်အငွေ့အသက်ကို ခံစားနေရပြီဖြစ်သည်။ ဥရောပနိုင်ငံများတွင် ခရစ္စမတ်နေ့ဂုဏ်ပြုရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများ၊ သီချင်းများ ထုတ်လွှင့်ပြသနေပြီဖြစ်သည်။ လမ်းများ၊ ကုန်တိုက်များနှင့် အထင်ကရအဆောက်အအုံများတွင် ခရစ္စမတ်သစ်ပင်များ၊ ရောင်စုံမီးလုံးများဖြင့် အလှဆင်ထားသဖြင့် ညဘက်မြင်ကွင်းသည် ရှုမငြီးစရာပင်ဖြစ်သည်။ ခရစ္စမတ်အကြို အထူးဈေးရောင်းပွဲများလည်း ပြုလုပ်နေကြပြီဖြစ်သည်။ အနောက်နိုင်ငံများတွင် ကုန်တိုက်ကြီးများသည် ခရစ္စမတ်အကြိုကာလတွင် နှစ်ဆန်းကတည်းကတင်ထားသော အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို လျှော့ဈေးဖြင့် ရောင်းချပေးလေ့ရှိသည်။ ငွေကြေးချို့တဲ့သူများသည် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများတွင် လျှော့ဈေးဖြင့်ရောင်းသောပစ္စည်းများကို ဝယ်ယူဖြည့်တင်းထားလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း ထိုအလေ့အထမျိုးရှိလျှင် လက်လုပ်လက်စားအောက်ခြေလူတန်းစားများအတွက် များစွာအဆင်ပြေမည်ဖြစ်သည်။

**ခရစ္စမတ်နေ့ဆိုသည်မှာ**

ယေရှုခရစ်တော်ဖွားမြင်သည့်နေ့ကို အတိအကျမသိရှိရသော်လည်း ကမ္ဘာတစ်ဝန်း၌ ဒီဇင်ဘာ ၂၅ ရက်တွင် **ခရစ်တော်မွေးနေ့** (Christmas Day) အဖြစ်ကျင်းပကြသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်မဟုတ်သောနိုင်ငံများတွင်လည်း စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း မျက်မှောက်ကာလ၌ ခရစ္စမတ်နေ့အခမ်းအနားများ ကျင်းပလေ့ရှိသည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်း၌အစိုးရရုံး၊ ဌာနများနှင့် ကုမ္ပဏီများပိတ်ထားကြသည်။ အချို့သောနိုင်ငံများတွင် ထိုနေ့မှစ၍ နှစ်သစ်ကူးနေ့ (New Year's Day)ထိ ရက်ရှည်ရုံးပိတ်ပေးထားလေ့ရှိသည်။ မြန်မာသင်္ကြန်ကာလရုံးပိတ်ရက်ကဲ့သို့ပင်ဖြစ်သည်။

**ခရစ္စမတ်ဘိုးဘိုး (Santa Claus)**

ခရစ္စမတ်ပွဲတော်ကာလတွင် အဓိကကျသော ဇာတ်ဆောင်သည် ခရစ္စမတ်ဘိုးဘိုး (Santa Claus) ဖြစ်သည်။ Santa Claus သည် အနောက်တိုင်းယဉ်ကျေးမှုအရ ဒဏ္ဍာရီဆန်သောပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အဖြူရောင်ကော်လံအရှည်ပါသော အနီရောင်ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်အပွကြီးတို့ကိုဝတ်ဆင်ထားပြီး ခါးတွင် ခါးပတ်အနက်ကြီးပတ်ထားသည်။ ခေါင်းစွပ်ဦးထုပ်ဆောင်းထားပြီး အနက်ရောင်ဘွတ်ဖိနပ်ရှည်ကြီးကို စီးထားသည်။ Santa Claus သည် ခရစ္စမတ်အကြိုနေ့တွင် ကလေးများအတွက် လက်ဆောင်ပစ္စည်းများထည့်ထားသည့် အိတ်ကြီးကို သယ်ဆောင်လာသည်ဟု ယုံကြည်ထားကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ကမ္ဘာတစ်ဝန်းရှိ ကလေးများ၏အင်အားစာရင်းကို နှစ်စဉ်ပြုစုထားသည်ဟုဆိုသည်။ လိမ္မာယဉ်ကျေးသောကလေးများ၊ ဆိုးသွမ်းသောကလေးများ၊ အပြုအမူရိုင်းစိုင်းသောကလေးများ၊

❖ ဒီဇင်ဘာ ၂၅ ရက်တွင် ကမ္ဘာတစ်ဝန်း၌ ခရစ္စမတ်နေ့အထိမ်းအမှတ်အခမ်းအနားများ၊ ပွဲတော်များ ကျင်းပကြတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ခရစ္စမတ်ပွဲတော်အခမ်းအနားများ ကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ကျင်းပရာတွင် သက်ဆိုင်ရာဘာသာ၏အနှစ်သာရဖြစ်သော လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ခြင်း၊ ကလေးငယ်များကို လက်ဆောင်ပစ္စည်းများပေးခြင်း၊ အလှူအတန်းပြုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ဖြင့် မေတ္တာကိုအရင်းခံသော ခရစ္စမတ်ပွဲတော်အဖြစ် ကျင်းပကြရမည်ဖြစ်ပေသည်။ ❖

နူးညံ့သိမ်မွေ့သောကလေးများဟူ၍ စာရင်းခွဲခြားပြုစုထားသည်။ ၎င်းသည် ခရစ္စမတ်အကြိုနေ့တွင် လိမ္မာယဉ်ကျေးသောကလေးများကို ကစားစရာအရုပ်များနှင့် ချောကလက်များလက်ဆောင်ပေးပြီး ဆိုးသွမ်းသောကလေးများကို ကျောက်မီးသွေးခဲများပေးသည်ဟုဆိုသည်။ ထို့ကြောင့် ကလေးများသည် ခရစ္စမတ်ကာလတွင် လက်ဆောင်ပစ္စည်းများ ရရှိကြမည်ဖြစ်သောကြောင့် ပျော်ရွှင်ကြည်နူးနေကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ထိုသို့ဆောင်ရွက်ပေးခြင်း အမှန်တကယ်ရှိ၊ မရှိကိုမူ မည်သူမျှအတိအကျပြောနိုင်မည်မဟုတ်ချေ။ ကလေးများ လိမ္မာယဉ်ကျေးမှုရှိစေရန်အတွက် ခရစ်ယာန်ဘာသာရှုထောင့်အရ ပြောဆိုနေခြင်းလည်းဖြစ်နိုင်သည်။ အမှန်စင်စစ်မှာမူ လူကြီးမိဘများက ခရစ္စမတ်အကြိုဒီဇင်ဘာလ ၂၄ ရက် ညပိုင်း၌ ကလေးများအိပ်မောကျနေသည့်အချိန်တွင် လက်ဆောင်ပစ္စည်းများကို ခရစ္စမတ်သစ်ပင်အောက်တွင် ချပေးထားခြင်းဖြစ်သည်။ ကလေးများသည် ဒီဇင်ဘာ ၂၅ ရက် နံနက်စောစော အိပ်ရာထသည့်အချိန်တွင် ထိုလက်ဆောင်ကို တွေ့သဖြင့် ပျော်ရွှင်ကြည်နူးကြရသည်။ မည်သည့်ဘာသာအယူဝါဒတွင်ဖြစ်စေ အနှစ်ချုပ်သည် အချင်းချင်းမေတ္တာထားတတ်ရန်နှင့် လိမ္မာယဉ်ကျေးမှုရှိနေစေရန်ပင်ဖြစ်သည်။ စင်စစ်အားဖြင့် ကလေးငယ်များကို ယဉ်ကျေးလိမ္မာစေရန် ငယ်စဉ်ကတည်းကပင် ဘာသာရေးပွဲတော်များဖြင့် စည်းရုံးထားခြင်းဖြစ်သည်။

**ကြည်နူးဖွယ်ရာကာလ**

ခရစ္စမတ်ပွဲတော်ကာလတွင် မဖြစ်မနေပါဝင်သောအရာများသည် ခရစ္စမတ်သစ်ပင်၊ ခရစ္စမတ်ရောင်စုံမီးလုံးများ၊ မီးရှူး၊ မီးပန်းများနှင့် ခရစ္စမတ်ပန်းကုံးများဖြစ်ကြသည်။ နေအိမ်များ၊ လမ်းများနှင့် ကုန်တိုက်များရှိ ခရစ္စမတ်သစ်ပင်များ၌ ရောင်စုံအလှမီးများ ထွန်းညှိထားကြသည်။ အထူးသဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းဖြစ်သည်။ အချို့သောနိုင်ငံများသည် ဒီဇင်ဘာ ၂၄ ရက်တွင် ခရစ္စမတ်အကြိုနေ့ (Christmas Eve)အခမ်းအနားများ ကျင်းပကြသည်။ ထိုနေ့တွင် လူငယ်များသည် နေအိမ်များကိုလှည့်လည်၍ ခရစ်ယာန်ဓမ္မတေးသီချင်းများဆိုကာ ဆုတောင်းပေးကြသည်။ အချို့သောအိမ်များသည် ထိုအဖွဲ့ကို အလှူငွေများ၊ လက်ဆောင်များပေးကြသည်။ အပြန်အလှန်မေတ္တာထားခြင်းဖြစ်သည်။ ချစ်စရာကောင်းသောအလေ့အထပင်ဖြစ်သည်။

အနောက်တိုင်းယဉ်ကျေးမှုအရ ရုံး၊ ဌာန၊ ကုမ္ပဏီများသည် ခရစ္စမတ်ပွဲတော်မတိုင်မီ လက်ဆောင်ပစ္စည်းများပေးပို့ရန် ကြိုတင်ပြင်ဆင်ကြရသည်။ စာရေးသူ ထိုင်းနိုင်ငံတွင် သံတမန်တာဝန်ထမ်းဆောင်စဉ်က ခရစ္စမတ်ရာသီရောက်လျှင် အနည်းငယ်အလုပ်များသည်။ လက်ဆောင်ပေးရမည့် စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များနှင့် ခင်မင်ရင်းနှီးသောမိတ်ဆွေများအမည်စာရင်းကို ကြိုတင်ပြုစုရသည်။ လက်ဆောင်ပစ္စည်းခြင်းများ ထုပ်ပိုးပြင်ဆင်ကြရသည်။ ခရစ္စမတ်အကြိုနေ့မှသည် နှစ်သစ်ကူးနေ့ထိ ရုံးများပိတ်တတ်သဖြင့် ဒီဇင်ဘာ ၂၂ ရက်ခန့်တွင် လက်ဆောင်ပစ္စည်းခြင်းများ အပြန်အလှန်ပေးပို့ကြရသည်။ ဒေသခံဝန်ထမ်းများသည် လက်ဆောင်ပစ္စည်းနှင့် မုန့်ဖိုးရကြသဖြင့် ပျော်ရွှင်ကြသည်။ ထိုစဉ်က ခရစ္စမတ်ယဉ်ကျေးမှုကို ထဲထဲဝင်ဝင်သိခွင့်ရခဲ့သည်။

စင်စစ်အားဖြင့် ခရစ္စမတ်နေ့၏အနှစ်သာရသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လက်ဆောင်ပေးကြခြင်းဖြစ်သည်။ ခရစ္စမတ်ကတ်များကိုလည်း အပြန်အလှန်ပေးပို့ကာ ဆုမွန်ကောင်းတောင်းကြသည်။ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် မိသားစုများစုစည်းကာ ရိုးရာအစားအသောက်များ ချက်ပြုတ်စားသောက်ကြသည်။ ရုံး၊ ဌာနများ၊ ကုမ္ပဏီများသည် ပါတီပွဲများ ကျင်းပကြသည်။ ထိုအခမ်းအနားအပြီးတွင် ခရစ္စမတ်လက်ဆောင်များ အပြန်အလှန်ပေးကြသည်။ အပြန်အလှန်အလှူအတန်းပြုလုပ်ရသောကြောင့် ကြည်နူးစရာအချိန်ကာလပင်ဖြစ်သည်။

**အရိုးကိုအရွက်မဖုံးစေလို**

မြန်မာနိုင်ငံတွင်လည်း လူငယ်တချို့သည် ခရစ္စမတ်နေ့အခမ်းအနားများ ပြုလုပ်လာကြသည်။ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် အချင်းချင်းမေတ္တာထားလာသဖြင့် ကောင်းမွန်သည်။ သို့သော် ခရစ္စမတ်နေ့တွင် ညဘက်၌ ပါတီပွဲများကျင်းပကာ သောက်စားမူးယစ်မှုများရှိလာကြသည်။ အချို့မြန်မာမိန်းကလေးများသည် အရက်၊ ဘီယာသောက်လာကြသည်။ ညဉ့်နက်သန်းခေါင်ထိ အပျော်လွန်ကြသဖြင့် လမ်းမှားရောက်တတ်ကြသည်။ မူးယစ်ကာယာဉ်မောင်းကြသဖြင့် ယာဉ်တိုက်မှုများဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရရှိမှုများရှိသည်။ တချို့ဆိုလျှင် အသက်ပင်ဆုံးရှုံးရသည်။ အချို့သောလူငယ်များသည် ခရစ္စမတ်နေ့ကို မြန်မာတို့၏ပွဲတော်တစ်ခုအဖြစ်ခံယူကာ သောက်စားပျော်ပါးလာကြသည်။ အမှန်စင်စစ်မှာမူ မြန်မာ့ရိုးရာပွဲတော်များတွင်လည်း အသောက်အစားပြုလုပ်ရန် တရားဝင်ခွင့်ပြုထားခြင်းမရှိပေ။ အချို့သောစီးပွားရေးအမြတ်ထုတ်လိုသူများကြောင့် လူငယ်များသည် လမ်းမှားသို့ရောက်ရှိနေကြခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ လူတိုင်းသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ ပြောဆိုခွင့်၊ ပျော်ရွှင်ကြည်နူးခွင့်များရှိကြသည်။ ထိုလွတ်လပ်ခွင့်များသည် မိမိနှင့်မိမိပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှုမရှိစေရန်လည်း လိုအပ်သည်။ လူသည် တစ်ဦးတည်းနေထိုင်သောသတ္တဝါမဟုတ်ချေ။ ပတ်ဝန်းကျင်အသိုက်အဝန်းနှင့် နေထိုင်ကြရသည်။ အထူးသဖြင့် မိမိမွေးဖွားရာဒေသ၊ နိုင်ငံ၏ဘာသာတရား၊ ရိုးရာယဉ်ကျေးမှုနှင့် အစဉ်အလာကောင်းများကိုမူ တန်ဖိုးထားတတ်ရန်လိုအပ်သည်။ ထိုသို့တန်ဖိုးထားတတ်သည့်စိတ်သဘောထားကို မျိုးချစ်စိတ်ဓာတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

ဆိုရလျှင် တစ်ကမ္ဘာလုံးဆက်စပ်ပြောင်းလဲနေသောခေတ်ကြီးတွင် ယဉ်ကျေးမှုပေါင်းစုံသည် မြန်ဆန်စွာ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ ထိုအချိန်တွင် မြန်မာလူငယ်များသည် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးပြီး မိမိယဉ်ကျေးမှုအစဉ်အလာများကို မေ့လျော့လာတတ်ကြသည်။ ရုပ်သံလိုင်းများကလည်း ကိုယ်ကျိုးစီးပွားတစ်ခုတည်းသာမကြည့်ဘဲ လူငယ်များကို အဆိပ်အတောက်ဖြစ်စေနိုင်သည့် ထုတ်လွှင့်ပြသဖျော်ဖြေမှုမျိုးကို ရှောင်ကြဉ်သင့်သည်။ ရုပ်ရှင်၊ ဂီတအနုပညာရှင်များအနေဖြင့်လည်း ထိန်းထိန်းသိမ်းသိမ်း ဝတ်စားဆင်ယဉ်သင့်သည်။ လူငယ်များသည် အတုခိုးမှုမြန်ဆန်သည်။ စာပေပညာရှင်ကြီးများကလည်း ပညာပေးစာပေများကို ရေးသားသွားသင့်သည်။ အားလုံးဝိုင်းဝန်းထိန်းသိမ်းမှုသာမရှိလျှင် အနာဂတ်တွင် မြန်မာ့ယဉ်ကျေးမှုသည် အရိုးပေါ် အရွက်ဖုံးကာ တဖြည်းဖြည်းမှေးမှိန်လာနိုင်သည်။

**မေတ္တာကိုအရင်းခံသော ခရစ္စမတ်ပွဲတော်ဖြစ်စေလို**

ဒီဇင်ဘာ ၂၅ ရက်တွင် ကမ္ဘာတစ်ဝန်း၌ ခရစ္စမတ်နေ့အထိမ်းအမှတ်အခမ်းအနားများ၊ ပွဲတော်များ ကျင်းပကြတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ခရစ္စမတ်ပွဲတော်အခမ်းအနားများ ကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ကျင်းပရာတွင် သက်ဆိုင်ရာဘာသာ၏အနှစ်သာရဖြစ်သော လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ခြင်း၊ ကလေးငယ်များကို လက်ဆောင်ပစ္စည်းများပေးခြင်း၊ အလှူအတန်းပြုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ဖြင့် မေတ္တာကိုအရင်းခံသော ခရစ္စမတ်ပွဲတော်အဖြစ် ကျင်းပကြရမည်ဖြစ်ပေသည်။ ထိုနေ့ကိုအကြောင်းပြု၍ ပါတီပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပကာ သောက်စားမူးယစ်ရမ်းကားနေမည်ဆိုလျှင် ခရစ္စမတ်နေ့၏အနှစ်သာရပျက်ပြယ်သွားမည်ဖြစ်သည်။ အထူးသဖြင့် ခရစ္စမတ်ပွဲတော်ကာလတွင် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ငန်းများကိုလည်း သတိထားစောင့်ကြည့်သွားရန် လိုအပ်ပေသည်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းကုလားပဲဧက ၄၁၀၀ ကျော် စိုက်ပျိုးပြီးစီး


ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၄၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၄၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကုလားပဲဧက ၄၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ကုလားပဲဧက ၄၈၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ကုလားပဲဧက ၄၁၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ကုလားပဲဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒါ့ပြင် အခုနှစ် ဆောင်းကုလားပဲစိုက်တောင်သူတွေရဲ့ စိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့နဲ့ ပေါင်းမြက်တွေ ကင်းရှင်းစေဖို့အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက စိုက်ခင်းတွေထိ ကွင်းဆင်းဆောင်ရွက်ပေးတာတွေ ရှိပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ဧကများကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ကုလားပဲစိုက်ပျိုးကြရာတွင် သီးသန့်စိုက်ပျိုးခြင်းများရှိသကဲ့သို့ နေကြာနှင့် သီးညှပ်စိုက်ပျိုးခြင်းများလည်းရှိကြောင်း သိရသည်။

(၁၈၅)

# ဗေဒါသီရိမြို့နယ် ရှားစေးပိုကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားစေးပိုကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေတို့ဖြင့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရှားစေးပိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေတို့ဖြင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှားစေးပိုကျေးရွာ၌ အလျားပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၁ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၃၈ ဒသမ ၈၂၂ သိန်း စုစုပေါင်းငွေကျပ် ၁၈၈ ဒသမ ၈၂၂ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နံလာ**

# ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ နိုဝင်ဘာလက ငရုတ်သီးစိမ်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ကျိုက်လတ် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ နိုဝင်ဘာလက ငရုတ်သီးစိမ်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ အောက်တိုဘာလက ငရုတ်သီးစိမ်းပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငရုတ်သီးစိမ်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလထက် နိုဝင်ဘာလက မော်လမြိုင်ကျွန်းမြို့နယ်ဘက်ကို ငရုတ်သီးစိမ်းပိဿာချိန် တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို အခြားမြို့တွေကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ အဲဒီဘက်က ကုန်သည်တွေ၊ ကုန်စိမ်းရောင်းဝယ်သူတွေနဲ့ ချိတ်ထားပါတယ်။ အခုနှစ် ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ ရောင်းပန်းလှတယ်။ အထားခံတယ်။ ဈေးကတော့ ၁၀ ပိဿာကို ငွေကျပ် ၅၅၀၀၀ ထိပေါက်နေတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲ၍ ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး တောင်သူတစ်ဦးလျှင် ငရုတ်တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကြောင်း၊ ထွက်ရှိလာသည့် ငရုတ်သီးများ အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အောင်လံမြို့နယ် ပွဲသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပွဲသာကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နန္ဒာအိက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းများ သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပွဲသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ငွေကျပ် ၄၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**

# ချောက်မြို့နယ်၌ Box Culvert လေးစင်းတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ချောက် ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ မြို့ပြနှင့်ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် သုံးဆင့်-ဆူးပုတ်တန်း ကျေးရွာချင်းဆက်လမ်း၌ Box Culvert လေးစင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ သုံးဆင့်-ဆူးပုတ်တန်း ကျေးရွာချင်းဆက်လမ်း၌ Box Culvert လေးစင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးဇော်မင်းထွဋ်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ချောက်မြို့နယ် သုံးဆင့်-ဆူးပုတ်တန်း ကျေးရွာချင်းဆက်လမ်း၌ အရှည် သုံးပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ခြောက်ပေ Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၀၉ သိန်းဖြင့် တင်ဒါအောင်မြင်သော KZEN ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာ ရှစ်ရွာမှ အိမ်ခြေ ၁၂၀၀ ရှိ လူဦးရေ ၄၀၀၀ တို့ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်ထံမှ သိရသည်။

**ဝင်းမာ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက ရမှတ်လိုအပ်ချက်ရှိနေတဲ့ ချဲလ်ဆီးအသင်း၊ ရိုးမားအသင်းတို့ကို အားပေးရမှာပါ

ML



တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက ရမှတ်လိုအပ်ချက်ရှိနေတဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိလာအုံးမှာသေချာပါတယ်။ အခုတစ်ပတ်မှာတော့ ပြင်သစ်လီဂူး၊ ဘွန်ဒက်လီဂါ၊ လာလီဂါပြိုင်ပွဲတွေ ရပ်နားသွားတာကြောင့် ပရီးမီးယားလိဂ်နဲ့ စီးရီးအေပြိုင်ပွဲတွေသာ ယှဉ်ပြိုင်သွားမှာဖြစ်လို့ သတိထားချဉ်းကပ်ရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ တိုက်စစ်ထက်မြက်မှုရှိပြီး အဓိက ကစားသမားတွေ ဒဏ်ရာကင်းစင်နေတဲ့ အသင်းတွေကိုသာ ပစ်မှတ်ထားရွေးချယ်ရမှာဖြစ်ပြီး နောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံတိုးတက်လာတဲ့ အသင်းတွေကိုသာ အဓိကအားပေးသွားရမှာဖြစ်ပါတယ်။

**ချဲလ်ဆီးအသင်း ရလဒ်ကောင်းမှာပါ**

တနင်္ဂနွေနေ့ညမှာ ကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဝုဗ်အသင်းနဲ့ ချဲလ်ဆီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဗ်အသင်းဟာ ပွဲစဉ်(၇)အိမ်ကွင်းမှာ မန်စီးတီးအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီးနောက်ပိုင်း ခြေစွမ်းပိုင်းကောင်းမွန်လာခဲ့ကို တွေ့ရမှာပါ။ သူတို့အသင်းဟာ မန်စီးတီးကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး အိမ်ကွင်းပွဲစဉ်တွေမှာ အေဗီလာကို တစ်ဂိုးစီသရေ၊ နယူးကာဆယ်ကို နှစ်ဂိုးစီသရေ၊ စပါးအသင်းကို နှစ်ဂိုးတစ်ဂိုး၊ ဘန်လေအသင်းကို တစ်ဂိုး ဂိုးမရှိ၊ နော့တင်ဟမ်အသင်းကို တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါပေမဲ့ ကွင်းလယ်တိုက်စစ်က နက်တိုဒဏ်ရာရပြီးနောက်ပိုင်း တိုက်စစ်ပိုင်းကျဆင်းသွားခဲ့တာကြောင့် ဟီချန်ဝမ်နဲ့ကန်ဟာတို့ ဂိုးရဖို့ရုန်းကန်ခဲ့ရပြီး ဘန်လေ၊ နော့တင်ဟမ်တို့လို အသင်းငယ်တွေကိုတောင် နိုင်ပွဲရဖို့ ခက်ခဲခဲ့တာဖြစ်ပါတယ်။ ဝုဗ်အသင်းဟာ အိမ်ကွင်းရှစ်ပွဲကစားခဲ့ရာမှာ ဘရိုက်တန်နဲ့ လီဗာပူးတို့နှစ်သင်းကိုသာ ဂိုးပြတ်ရှုံးခဲ့ပေမဲ့ ကျန်ပွဲစဉ်တွေမှာတော့ရှုံးပွဲမရှိခဲ့တာကြောင့် အိမ်ကွင်းခြေစွမ်းပိုင်းကတော့ လျှော့တွက်လို့မရပါဘူး။ ဒါပေမဲ့ တိုက်စစ်ပိုင်းက နက်တိုနဲ့ ဂိုးသမားဂျို့ဆာတို့ ဒဏ်ရာရနေလို့ ခံစစ်ကစားပုံအားနည်းနေသလို နောက်ဆုံးငါးပွဲမှာ ပေးဂိုး ကိုးဂိုးနဲ့နိုင်ပွဲတစ်ပွဲသာရရှိခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာတော့ အသင်းတိုက်စစ်ပိုင်းက သွင်းဂိုး ၂၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းကတော့ ၂၉ ဂိုး ခွင့်ပြုပေးရတာကြောင့် ဂျို့ဆာမပါနိုင်တဲ့ ဂိုးပေါက်မှာ တိုက်စစ်ထက်မြက်လာတဲ့ ချဲလ်ဆီးအသင်း တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာဖြစ်ပါတယ်။

ချဲလ်ဆီးအသင်းဟာ နည်းပြပိုချက်တီနိုလက်ထက်မှာ အဓိက ကစားသမား ခေါ်ယူမှုအများအပြားပြုလုပ်ခဲ့ပြီး ကစားပုံပြောင်းလဲခဲ့ပေမဲ့ ထင်သလောက် အလုပ်မဖြစ်ခဲ့ဘဲ လက်ရှိအချိန်ထိ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိ ပွဲစဉ်(၁၇)အပြီးမှာတော့ ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ် ၂၂ မှတ်ရခဲ့ပြီး အဆင့်(၁၀)မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အဆင့်(၁၄)က ဘုန်းမောက်၊ အဆင့်(၁၃)က ဝုဗ်၊ အဆင့်(၁၂)က ဘရန့်ဖို့ဒ်၊ အဆင့်(၁၁)ဖူလ်ဟမ်တို့နဲ့လဲ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် အခုပွဲစဉ်ကို ရှုံးခဲ့ရင်တော့ အမှတ်ပေးဇယားရပ်တည်မှုကျဆင်းသွားနိုင်ပြီး အနိုင်ရခဲ့ရင်တော့ ဥရောပယှဉ်ပြိုင်ခွင့်အတွက် မျှော်လင့်ချက်ရှိလာမှာဖြစ်ပါတယ်။ နည်းပြပိုချက်တီနိုဟာ အဓိက ကစားသမားတွေကို ပိုင်ဆိုင်ထားပေမဲ့ သူခေါ်ယူထားတဲ့ ကစားသမားအများစုဟာ ဒဏ်ရာနဲ့ရင်ဆိုင်ခဲ့ရတာကြောင့် ခြေစွမ်းပိုင်းမတည်ငြိမ်ခဲ့ဘဲ ပြိုင်ပွဲတိုင်း ဦးဆောင်ဂိုးရဖို့ ခက်ခဲခဲ့တာကို သတိပြုရမှာပါ။ လက်ရှိမှာလဲ ခံစစ်က ဘန်ချီဝဲလ်၊ ရီစီဂျိမ်း၊ ချာလိုဘတ်၊ ဖိုဖန်နာ၊ ဂိုးသမားဆန်းချက်၊ ကွင်းလယ်က ချူကွယ်မီကာ၊ ဖာနန်ဒက်၊ အူဂိုချူကူ၊ မက်ဒူခီ၊ လာဗီယာတို့ ဒဏ်ရာရနေတာကြောင့် အသင်းငယ်တွေကိုတောင် အနိုင်ရဖို့ ကြိုးပမ်းနေရဆဲဖြစ်ပါတယ်။ ဒါပေမဲ့ အန်ကူကူဒဏ်ရာက ပြန်လည်ကောင်းမွန်လာခဲ့တာက ရလဒ်ကောင်းဖို့အတွက် အဓိကအချက်ဖြစ်လာပြီး ဒဏ်ရာရ ကစားသမားတွေနေရာမှာလဲ အစားထိုးနိုင်တဲ့ ထိပ်တန်းအဆင့် ကစားသမားတွေရှိနေတာကြောင့် ကြားရက်က ဖလားပွဲမှာ နယူးကာဆယ်အသင်းကို အနိုင်ရခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာတော့ အန်ကူကူပါဝင်လာတဲ့ ချဲလ်ဆီးအသင်းတိုက်စစ်က ပြောင်းလဲမှုရှိလာနိုင်သလို နည်းပြပိုချက်တီနိုအသုံးပြုနေတဲ့ ၄-၂-၃-၁ ကစားကွက်မှာ အန်ကူကူအထောင်တိုက်စစ်နဲ့ ပွဲထွက်လာမယ်ဆိုရင် ခံစစ်ကစားအားကျဆင်းနေတဲ့ ဝုဗ်အသင်း ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ မဖြစ်နိုင်ပါဘူး။ ဒါ့ပြင် အကျောပေးထားမှုကလဲ ချဲလ်ဆီးအသင်းအနေနဲ့ တစ်ဂိုးနဲ့နိုင်ရင် တစ်ဝက်လောက်ပဲ ပျော်ခွင့်ရမဲ့ အကျောပေးမှုက ဝုဗ်အသင်းရှုံးပွဲကြုံဖို့ သေချာနေတာကြောင့် အဝေးကွင်းနိုင်ပွဲရယူမဲ့ ချဲလ်ဆီးအသင်းပဲ ရလဒ်ကောင်းမှာပါ။

**ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၃ | - | ၂ | ဝုဗ် |
| အာဆင်နယ် | ၂ | - | ၁ | ဝုဗ် |
| ဝုဗ် | ၁ | - | ၀ | ဘန်လေ |
| ဝုဗ် | ၁ | - | ၁ | နော့တင်ဟမ် |
| ဝက်စ်ဟမ်း | ၃ | - | ၀ | ဝုဗ် |

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၃ | - | ၂ | ဘရိုက်တန် |
| မန်ယူ | ၂ | - | ၁ | ချဲလ်ဆီး |
| အဲဗာတန် | ၂ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၀ | ရှက်ဖီး(U) |
| ချဲလ်ဆီး | ၁ | - | ၁ | နယူးကာဆယ် |

**ရိုးမားအသင်းနဲ့ လက်တွဲရမှာပါ**

စီးရီးအေပွဲစဉ်(၁၇)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရိုးမားနဲ့ နာပိုလီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ တိုက်စစ်ပိုင်းက ဒိုင်ဘာလာ၊ အေဘရာဟမ်တို့ ဒဏ်ရာရနေသလို ပြီးခဲ့တဲ့ ပွဲစဉ်မှာလဲ လူကာကူပွဲပယ်ကြောင့် မပါနိုင်ခဲ့လို့ ဘိုလောနာကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့ရတာကို တွေ့ရမှာပါ။ နည်းပြမော်ရင်ဟို ကိုင်တွယ်နေတဲ့သူတို့အသင်းဟာ ကစားကွက်ပိုင်း ဘောလုံးရသမပေးနိုင်ပေမဲ့ ရလဒ်ပိုင်းမှာတော့ ကောင်းမွန်နေတယ်လို့ ဆိုရမှာပါ။ နည်းပြမော်ရင်ဟိုဟာ လက်ရှိအစုအဖွဲ့နဲ့ ရိုးမားအသင်းကို ၁၆ ပွဲကစားအပြီး ရမှတ် ၂၅ မှတ်နဲ့ အဆင့်(၈) ထိပို့ဆောင်ပေးခဲ့သလို အဆင့်(၄)က ဘိုလောနာအသင်းနဲ့လဲ ရမှတ်သုံးမှတ်သာကွာဟနေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်လဲ အခွင့်အရေးရှိနေတာဖြစ်ပါတယ်။ ရိုးမားအသင်းအနေနဲ့အခုရာသီမှာ လူကာကူ၊ ရီနာတိုဆန်းချက်စ်တို့လောက်သာ အငှားစာချုပ်နဲ့ ခေါ်ယူခဲ့တာကြောင့် ရာသီအစမှာ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပြီး အဲဒီအချိန်မှာ ကစားပုံထက်မြက်နေတဲ့ အေစီမီလန်ကို အိမ်ကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ တိုက်စစ်မှူး လူကာကူဟာ ရိုးမားအသင်းကို ဦးဆောင်လာနိုင်ပြီး ဂိုးတွေဆက်တိုက်သွင်းယူနိုင်ခဲ့တာကြောင့် နည်းပြမော်ရင်ဟိုအတွက် ဖိအားအောက်က လွတ်မြောက်ခဲ့ရတာဖြစ်ပါတယ်။ ရိုးမားအသင်းအနေနဲ့ ဒိုင်ဘာလာ၊ အေဘရာဟမ်၊ စမောလင်းတို့ဒဏ်ရာရနေတဲ့ ၃-၅-၂ ကစားကွက်မှာ အဓိက ကစားသမားတွေဖြစ်တဲ့ စပင်နာဇိုလာ၊ ဇာလူးစကီး၊ ပါရီဒက်စ်၊ ရီနာတိုဆန်းချက်စ်၊ ပယ်လီဂရီနီ၊ ခရစ်စတန်နီ၊ လူကာကူ၊ ဘယ်လော့တီတို့နဲ့ ပွဲထွက်လာမယ်ဆိုရင်တော့ နာပိုလီကို ယှဉ်ကစားနိုင်မှာ သေချာပါတယ်။ ဒါ့ပြင် နာပိုလီအသင်းကလဲ နည်းပြစပယ်လက်တီ ထွက်ခွာပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတော့တာကြောင့် နည်းပြမော်ရင်ဟိုရဲ့ နည်းစနစ်ပိုင်းမှာ ရုန်းကန်ရနိုင်ပြီး ရှုံးပွဲကြုံသွားနိုင်ပါတယ်။

လက်ရှိချန်ပီယံ နာပိုလီအသင်းဟာ အခုရာသီမှာ ခြေစွမ်းပိုင်းကျဆင်းခဲ့တာကြောင့် ၁၆ ပွဲကစားအပြီးမှာ ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးနဲ့ ရမှတ် ၂၇ မှတ်သာရခဲ့ပြီး အဆင့်(၅)မှာရပ်တည်နေတာဖြစ်ပါတယ်။ ဒါ့ပြင် အဆင့်(၁)က အင်တာမီလန်အသင်းနဲ့လဲ ရမှတ် ၁၄ မှတ်ထိ ကွာဟနေတာကြောင့် ချန်ပီယံဆုကာကွယ်ဖို့အတွက် အခွင့်အရေးနည်းသွားတာကို တွေ့ရမှာပါ။ သူတို့အသင်းလူစာရင်းမှာ ခံစစ်က ကင်မင်ဂျေးထွက်ခွာသွားတာကလွဲရင် အဓိကကစားသမားတွေအားလုံးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြသစ်လက်ထက်မှာ တိုက်စစ်မှူး အိုစီမန်နဲ့ နည်းပြကြားဆက်ဆံရေးတွေ တင်းမာခဲ့တာကြောင့် အိုစီမန်ကို အရန်ခုံမှာထားခဲ့ပြီး ရက်ပါဒိုရီ၊ ကာဗာရက်ရှီလီယာ၊ ပိုလီတာနိုတို့နဲ့ ပွဲထွက်ခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့ဘဲ ရလဒ်ပိုင်းကျဆင်းခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် နည်းပြဂါစီယာနေရာမှာ နည်းပြမာဇာရီကိုခန့်အပ်ခဲ့ပြီး အဲဒီနောက်မှာတော့ အိုစီမန်ကို ပုံမှန်အတိုင်းပြန်လည်အသုံးပြုခဲ့ပေမဲ့ အသင်းရဲ့ ကစားပုံဟာ စပယ်လက်တီလက်ထက်ကလောက် တည်ငြိမ်မှုမရှိတော့ဘဲ ဂျူဗင်တပ်၊ အင်တာမီလန်တို့လို အသင်းကြီးတွေကို အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ကြားရက်က ဖလားပွဲစဉ်မှာ ဖရိုစီဝမ်းအသင်းကို အိမ်ကွင်းမှာ လေးဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ ခြေစွမ်းပိုင်းကလဲ အရမ်းကို ဆိုးရွားခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ အရန်ကစားသမားတွေနဲ့ ပွဲထွက်လာတယ်ဆိုပေမဲ့ ဒုတိယပိုင်းမှာ အိုစီမန်၊ ပိုလီတာနို၊ ကာဗာရက်ရှီလီယာ၊ လိုဘော့ကာ၊ ဒီလိုရန်ဇိုတို့လို အဓိက ကစားသမားငါးဦးထိ လူစားလဲခဲ့ပေမဲ့ ချေပဂိုးတစ်ဂိုးတောင် မရခဲ့တဲ့ အပြောင်းအလဲက ရိုးမားလိုအသင်းကိုယှဉ်ဖို့တော့ ခက်ခဲမှုရှိမှာ သေချာပါတယ်။ အခုပွဲစဉ်မှာ နည်းပြမော်ရင်ဟိုရဲ့ ရိုးမားအသင်းဟာ ခံစစ်အားပြုကစားလာမှာသေချာသလို အမြင့်ဘောတွေကနေ လူကာကူဆီကို ဘောလုံးပေးပို့ရင်း ဂိုးရဖို့ကြိုးစားလာမှာဖြစ်တာကြောင့် နာပိုလီအသင်းခံစစ်ပိုင်းလူကာကူကို မတားဆီးနိုင်ရင်တော့ ဂိုးပြတ်ရှုံးပွဲကြုံသွားနိုင်ပါတယ်။ လက်ရှိ အကျောပေးမှုကလဲ ကစားသမားစုဖွဲ့မှုနဲ့ တွေ့ဆုံမှုမှာ အသာရနေတဲ့ နာပိုလီအသင်းက သရေရလဒ်ထွက်ခဲ့ရင်တောင် ခပ်ပါးပါးသာ နစ်နာမဲ့အကျောပေးမှုက ပျော့ပျောင်းနေတာကြောင့် အိမ်ကွင်းကစားပုံမာကျောတဲ့ ရိုးမားအသင်းနဲ့ပဲ လက်တွဲသွားရမှာပါ။

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆာဇက်တီ | ၁ | - | ၁ | ရိုးမား |
| ဆက်ဆူအိုလို | ၁ | - | ၂ | ရိုးမား |
| ရိုးမား | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ရိုးမား | ၃ | - | ၀ | ရှရစ် |
| ဘိုလောနာ | ၂ | - | ၀ | ရိုးမား |

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၀ | - | ၃ | အင်တာမီလန် |
| ဂျူဗင်တပ် | ၁ | - | ၀ | နာပိုလီ |
| နာပိုလီ | ၂ | - | ၀ | ဘရာဂါ |
| နာပိုလီ | ၂ | - | ၁ | ကက်ဂလီယာရီ |
| နာပိုလီ | ၀ | - | ၄ | ဖရိုစီဝမ်း |

# ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ဒေသခံအများအပြားကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားရ




**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းကြောင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရေကြီးရေလျှံမှုများကြောင့် ဒေသခံအများအပြားကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂၁ ရက်သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်၊ ဗင်ကျူရာ၊ အောက်နော့နှင့် ပေါ့ဟေနေးမီးမြို့တို့ရှိ အချို့ဒေသများတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် အမိန့်ထုတ်ပြန်ထားရပြီး မီးသတ်ဦးစီးဌာန၊ ရဲတပ်ဖွဲ့တို့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိုးရွာသွန်းချိန်တိုပေမဲ့ မိုးရေချိန် သိသိသာသာတိုးလာပါတယ်။ ဒီလိုဖြစ်ရပ်မျိုးက ဖြစ်ခဲပြီး နှစ်တစ်ထောင်မှာ တစ်ကြိမ်လောက်ပဲ ဖြစ်တတ်တဲ့အခြေအနေပါ"ဟု အောက်နော့ အမျိုးသားမိုးလေဝသဌာနမှ တာဝန်ခံ Ariel Cohen က ပြောကြားခဲ့သည်။

ဗင်ကျူရာကောင်တီအတွင်း မိုးရေချိန်နှစ်လက်မမှ ခြောက်လက်မထိရွာသွန်းခဲ့ပြီး တောင်ကုန်းတောင်စောင်းလမ်းများတွင် ကျောက်ဆောင်နှင့် ရွံ့မြေပြိုကျမှုများဖြစ်ပွားလျက်ရှိသဖြင့် ခရီးသွားလာမှုနှောင့်နှေးခြင်းများ ဖြစ်ပေါ်လျက်ရှိသော်လည်း လူထိခိုက်သေဆုံးမှုများမရှိသေးကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ထားသည်။

**Ref : Russia Today**
**Trs : AZH**

# တရုတ်(တိုင်ပေ)သဘာဝပတ်ဝန်းကျင်တက်ကြွလှုပ်ရှားသူများက လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကျောက်မီးသွေးသုံးစွဲမှုရပ်တန့်ရန် တောင်းဆို

**တိုင်ပေ ဒီဇင်ဘာ ၂၂**

လေထုညစ်ညမ်းမှုကို ဆန့်ကျင်သည့် လူထုအစည်းအဝေးသို့ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များတက်ရောက်ရန်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကျောက်မီးသွေးသုံးစွဲမှုကို ရပ်တန့်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူများက ဒီဇင်ဘာ ၂၁ ရက်က တောင်းဆိုခဲ့ကြကြောင်း သိရသည်။

တရုတ်(တိုင်ပေ)မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူအဖွဲ့ တစ်ဖွဲ့ဖြစ်သော ACT အဖွဲ့က ဦးဆောင်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အများအပြားသည် ဒီဇင်ဘာ ၂၄ ရက်တွင် ကျင်းပရန်စီစဉ်ထားသည့် လေထုညစ်ညမ်းမှုကို ဆန့်ကျင်သည့် လူထုအစည်းအဝေးကို ထင်ရှားသောနိုင်ငံရေးခေါင်းဆောင်များ တက်ရောက်ရန်နှင့် ကျောက်မီးသွေးအသုံးပြုလည်ပတ်လျက်ရှိသော တိုင်ချုန်လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကျောက်မီးသွေးအသုံးပြုမှု ရပ်တန့်ရန် တိုင်ချုန်မြို့ မြို့တော်ခန်းမရှေ့၌ စုစည်း၍ တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

တက်ကြွလှုပ်ရှားသူများအနေဖြင့် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များ၏ ရုပ်ပုံပါသော မျက်နှာဖုံးများကို ဝတ်ဆင်၍ တိုင်ချုန် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကျောက်မီးသွေးသုံးစွဲနေမှုကို လာမည့်လေးနှစ်တာကာလအတွင်း ရပ်တန့်သွားရန် တောင်းဆိုခဲ့ကြကြောင်း၊ ကျောက်မီးသွေးသုံးစွဲသဖြင့် အဆိုပါစက်ရုံမှကာဗွန်ထုတ်လွှတ်မှုသည် ကမ္ဘာပေါ်တွင် အဆိုးရွားဆုံး အခြေအနေတစ်ခုဖြစ်နေကြောင်း အဆိုပါအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ Yeh Guang-perng က ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများအနေဖြင့် တိုင်ချုန်လျှပ်စစ်ဓာတ်အားပေးစက်ရုံကို သဘာဝဓာတ်ငွေ့ဖြင့် ပြောင်းလဲလည်ပတ်ရန် မြို့တော်ဝန် Lu Shiow-yen ကိုလည်း တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# ရှန်ဟိုင်းမြို့၌ နှစ်ပေါင်း ၄၀ အတွင်း အအေးဆုံးသောဒီဇင်ဘာလဖြင့် ရင်ဆိုင်နေရ

**ပေကျင်း ဒီဇင်ဘာ ၂၂**

တရုတ်နိုင်ငံတွင် ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ အအေးဓာတ် ဆက်တိုက်မြင့်မားခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်တွင် ရှန်ဟိုင်းမြို့၌အပူချိန် အနုတ် ၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး နှစ်ပေါင်း ၄၀ အတွင်း အအေးဓာတ်အမြင့်မားဆုံးသော ဒီဇင်ဘာလဖြင့် ရင်ဆိုင်နေရကြောင်း ရှန်ဟိုင်းမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရှန်ဟိုင်းမြို့တွင် အအေးဓာတ်မြင့်မားပြီး လေအေးတိုက်ခတ်မှုများလည်းဖြစ်ပေါ်နေကာ အအေးဓာတ်မှာ လာမည့်ရက်သတ္တပတ်အတွင်း ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း၊ ရှန်ဟိုင်းမြို့အနှံ့တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းလျက်ရှိပြီး မော်တော်ယာဉ်များ အသုံးပြုနိုင်ရေးအတွက် သန့်ရှင်းရေးဝန်ထမ်းများက လမ်းမကြီးများပေါ်မှ ဆီးနှင်းများကို ရှင်းလင်းမှုများ ဆက်တိုက်ပြုလုပ်ပေးနေရကြောင်း သိရသည်။



"ရှန်ဟိုင်းမြို့မှာ အအေးဓာတ်တွေမြင့်မားနေပါတယ်။ အပူချိန်ဟာ အနုတ် ၆ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းသွားပြီးတော့ နှစ်ပေါင်း ၄၀ အတွင်းမှာ တစ်ခါမှမဖြစ်ဖူးသေးတဲ့ အအေးဓာတ်ပမာဏဖြစ်ပေါ်နေပါတယ်"ဟု ရှန်ဟိုင်းမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ရှန်ဟိုင်းမိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ရှန်ဟိုင်းမြို့တွင် အအေးဓာတ်မြင့်မားမှုသည် ဒီဇင်ဘာ ၂၅ ရက်ထိ ဆက်တိုက် ဖြစ်ပေါ်နိုင်ဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အနောက်ဩစတြေးလျပြည်နယ်တွင် တောမီးကူးစက်မှုကြောင့် နေအိမ်နှစ်လုံးပျက်စီး

**ကင်ဘာရာ ဒီဇင်ဘာ ၂၂**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပက်သ်မြို့အနီးရှိ ပါကားဗီးလ်နယ်မြေတွင် ဒီဇင်ဘာ ၂၀ ရက်က တောမီးလောင်ကျွမ်းခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် နေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်နှစ်လုံးပျက်စီးခဲ့ကာ လူနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အနောက်ဩစတြေးလျပြည်နယ် မီးသတ်နှင့် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် စတင်ဖြစ်ပွားသည့်အချိန်မှ ၄၈ နာရီအတွင်း ထိန်းချုပ်ရခက်သည့် အဆင့်သို့ရောက်ရှိကာ နေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ လေတိုက်နှုန်းမြင့်မားမှုကြောင့်လည်း တောမီးလောင်ကျွမ်းမှုသည် ၄၈ နာရီအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း အနောက်ဩစတြေးလျပြည်နယ် မီးသတ်နှင့်အရေးပေါ်စီမံခန့်ခွဲရေးကော်မရှင်နာ ဒါရင်ကလမ်က ပြောကြားခဲ့သည်။

"တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသခံနှစ်ယောက် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းခဲ့တဲ့နေအိမ်နှစ်လုံးက ဒေသခံတွေကိုတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပြီး ယာယီကယ်ဆယ်ရေးစခန်းမှာ နေရာချပေးထားပါတယ်။ အခုလို ဒေသခံတွေ ထိခိုက်ဒဏ်ရာရရှိတာတွေ၊ နေအိမ်ပျက်စီးတာတွေရှိခဲ့လို့ စိတ်မကောင်းဖြစ်မိပါတယ်။ ရာသီဥတုအခြေအနေက စိုထိုင်းဆမြင့်မားလာတဲ့အတွက် တောမီးလောင်ကျွမ်းမှုကို လာမဲ့ရက်ပိုင်းအတွင်း ထိန်းချုပ်နိုင်မှာပါ"ဟု ဒါရင်ကလမ်က ပြောကြားခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူနှစ်ဦးမှာ အသက် ၆၀ ကျော် အမျိုးသားနှစ်ဦးဖြစ်ကြောင်း၊ တစ်ဦးမှာ မီးလောင်ဒဏ်ရာရရှိခဲ့ပြီး ကျန်တစ်ဦးမှာ မီးဘေးအန္တရာယ်ရှောင်တိမ်းရင်း ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများမှာ ပက်သ်မြို့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# Reykjanes ကျွန်းဆွယ်၌ မီးတောင်ပေါက်ကွဲမှုတည်ငြိမ်လာသဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများကို နေအိမ်များသို့ သွားရောက်စစ်ဆေးခွင့်ပြု

**ရေကျာဗစ်ခ် ဒီဇင်ဘာ ၂၂**

အိုက်စလန်နိုင်ငံ Reykjanes ကျွန်းဆွယ်၌ ဒီဇင်ဘာ ၁၈ ရက်က မီးတောင်ပေါက်ကွဲမှုကြောင့် ဂရင်ဒါဗစ်မြို့ခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ကြရပြီး ယနေ့တွင် မီးတောင်ပေါက်ကွဲမှု အခြေအနေတည်ငြိမ်လာသဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို မိမိတို့နေအိမ်များသို့ သွားရောက်စစ်ဆေးခွင့်ပြုကြောင်း Reykjanes ကျွန်းဆွယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂရင်ဒါဗစ်မြို့ခံတချို့မှာ မီးတောင်ပေါက်ကွဲမှုမဖြစ်ပွားမီကာလ မီးတောင်အတွင်းမှ ချော်ရည်ငွေ့များ ထွက်ပေါ်စဉ်ကတည်းက နေရပ်ကို စွန့်ခွာကာ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့်လူဦးရေ ပိုမိုမြင့်တက်လာခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၄၀၀၀ ကျော်ထိ ရှိနေပြီဖြစ်ကြောင်း၊ လက်ရှိ နေအိမ်များကို သွားရောက်စစ်ဆေးခြင်းကိုသာ ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး နေရပ်သို့ ပြန်ခွင့်မပြုသေးဘဲ ကယ်ဆယ်ရေးစခန်းများ၌သာ ဆက်လက် နေထိုင်ရမည်ဖြစ်ကြောင်း Reykjanes ကျွန်းဆွယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကျွန်တော့်အိမ်ကို သွားရောက်စစ်ဆေးကြည့်တော့ အားလုံး ပုံမှန်အတိုင်းပါပဲ။ ချော်ရည်တွေက ကျွန်တော့်အိမ်ထိတော့ မရောက်ခဲ့ဘူး။ တာဝန်ရှိသူတွေအနေနဲ့ နေရပ်ကို ပြန်ခွင့်ပြုတဲ့အချိန် အမြန်ဆုံး အိမ်ပြန်မှာပါ။ ဒီနှစ် ခရစ္စမတ်ကတော့ အရင်နှစ်တွေနဲ့ မတူတော့ဘူး။ ခရစ္စမတ်ပွဲတော်ကို ကယ်ဆယ်ရေးစခန်းမှာ ကျင်းပသွားရမယ်ထင်တယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ အီနာဆင်က ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုအခြေအနေ တည်ငြိမ်လာပြီဖြစ်သော်လည်း ဒေသခံများကိုနေရပ်သို့ ပြန်ခွင့်ပြုရန်မှာ စောနေသေးကြောင်း၊ မီးတောင်ပေါက်ကွဲမှုသည် အချိန်မရွေး အခြေအနေပြန်လည်ဆိုးရွားလာနိုင်ကြောင်း အိုက်စလန်တက္ကသိုလ် ကမ္ဘာမြေသိပ္ပံအင်စတီကျူမှ သုတေသနပါမောက္ခ ဟိုစကူဆင်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအာစစ်ပို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တာရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်၊







ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၂၉၄၃၆

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်၊

မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)



အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

မန္တလေးမြို့ မဟာမုနိဘုရားကြီးဘဏ္ဍာတော်ပိုင် မြေကွက်ငှားရမ်းရန်

## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၉ လမ်း၊ မနော်ဟရီလမ်း၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၁)၊ ဦးပိုင်အမှတ် (၃၃ မှ ၅၂)၊ ဧရိယာ (၆၀ ပေ × ၄၀ ပေ)ရှိသော မဟာမုနိဘုရားကြီးဘဏ္ဍာတော်ပိုင်မြေကွက် (၂၀)ကို ငှားရမ်းရန်အတွက် အောက်ပါ အစီအစဉ်အတိုင်း အိတ်ပိတ်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) လျှောက်လွှာစတင်ရောင်းချမည့်ရက် | = | ၂၇-၁၂-၂၀၂၃ ရက် |
| (ခ) လျှောက်လွှာပိတ်မည့်ရက် | = | ၇-၁-၂၀၂၄ ရက် |
| (ဂ) လျှောက်လွှာရောင်းချမည့်နေရာ | = | မဟာမုနိဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာန |
| (ဃ) တင်ဒါဖွင့်မည့်ရက် | = | ၁၀-၁-၂၀၂၄ ရက် |
| (င) ငှားရမ်းခွင့်သက်တမ်း | = | ( ၅ )နှစ် |
| (စ) တင်ဒါ(၁)စုံရောင်းဈေးနှုန်း | = | ၂၀,၀၀၀/-(နှစ်သောင်းကျပ်တိတိ) |

၂။ တင်ဒါတင်သွင်းသူသည် တိုင်းရင်းသားဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။ အသေးစိတ်သိရှိလိုပါက မဟာမုနိဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ် ၀၉-၄၄၄၀၄၄၄၇၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်နေသူရ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးပြုံးချို ဖြစ်ပါကြောင်း။ **ဦးပြုံးချို (၉/မရတ(နိုင်)၀၈၁၇၉၂)**

## ဖခင်အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အ.ထ.က (၁)၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်အောင်မျိုးမင်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းမင်း ဖြစ်ပါကြောင်း။

**ဦးမင်းမင်း (၉/ပဘန(နိုင်)၁၁၆၈၅၈)**

**ရန်သူ မီးဘေး တားဆီးရေး မနေး ဆောင်ရွက်ကြ**

“အဂတိပယ်ခွာ ပြည်သာယာ”
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၄
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများ အားလုံး အသိပညာအတတ်ပညာများ ရရှိရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်



ပညာရေး၊ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပရာ ပညာရေး၊ ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ပါမောက္ခချုပ်များ၊ပညာရေးဒီဂရီကောလိပ်အသီးသီးမှ ကျောင်းအုပ်ကြီးများ၊ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားမောင်မယ် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ **စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

ဖန္ဒုလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၈၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ၊
ဗုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ရေစကြို - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး- မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ဗုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု